# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက် | ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၅)၊ အမှတ်(၀၅၁)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အနေဖြင့် ဆုတံဆိပ်ပိုမိုရရှိအောင် စွမ်းဆောင်ပေးကြရန်နှင့် ပြိုင်ပွဲကြီးကပေါ်ထွက်လာမည့် အားကစားအောင်မြင်မှုများကိုလည်း ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်သွားမည်

**နေပြည်တော် နိုဝင်ဘာ ၁၉**

ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အား အောင်နိုင်ရေးအလံအပ်နှင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ ကျင်းပရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားပြီး အောင်နိုင်ရေးအလံကို အပ်နှင်းသည်။

**တက်ရောက်**

အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အိုလံပစ်ကောင်စီအဖွဲ့ဝင်များ၊

*စာမျက်နှာ ၃ ကော်လံ ၁* ❑




နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အား အောင်နိုင်ရေးအလံအပ်နှင်းပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။








နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အား အောင်နိုင်ရေးအလံအပ်နှင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❑ *ရွှေဖုံးမှ*

မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဂါရဝပြုမိတ်ဆက်**

ဦးစွာ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ဝင်များက အသင်းအလိုက် ဂါရဝပြုမိတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး စတင်ကျင်းပရန် ရက်ပိုင်းခန့်သာလိုတော့ကြောင်း၊ သွားရောက်ပြိုင်ပွဲဝင်ကြမည့် အားကစားမောင်မယ်များအားလုံး ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ၊ အားကစားပညာရပ်ပိုင်းဆိုင်ရာ အပါအဝင် အစစအရာရာ အသင့်ဖြစ်နေကြပြီဟု ယုံကြည်ကြောင်း။

နိုင်ငံတစ်ဝန်းရှိ မိဘပြည်သူများအားလုံးကလည်း အားကစားမောင်မယ်များ၏ ဇွဲ၊ လုံ့လ၊ ဝီရိယ အပြည့်အဝဖြင့် **"ပွဲမဝင်ခင် အပြင်ကကျင်းပ"**ဆိုသည့်အတိုင်း အားကြိုးမာန်တက် ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်နေကြသည်များကို တွေ့မြင်သိရှိကြပြီး အောင်မြင်မှုရရှိရေး အားပေးကြရန် စိတ်အားထက်သန်လျက်ရှိကြကြောင်း။

**"လေ့ကျင့်မှ ကျွမ်းကျင်၊ ကျွမ်းကျင်မှ ယုံကြည်၊ ယုံကြည်မှ ရဲရင့်၊ ရဲရင့်မှ အောင်ပွဲခံ"**ဆိုသည့်အတိုင်း လေ့ကျင့်သားပြည့်ဝပြီး ယုံကြည်မှုခိုင်မာစွာဖြင့် အောင်နိုင်လိုစိတ်များအပြည့်နှင့် ယှဉ်ပြိုင်ကြရန် အသင့်ဖြစ်နေကြပြီဟုလည်း မျှော်လင့်ကြောင်း။

**အလေးအနက်ယုံကြည်**

အားကစားမောင်မယ်တို့အတွက် ယခုပြိုင်ပွဲကြီးသည် နိုင်ငံတော်အတွက် ဆုတံဆိပ်များဆွတ်ခူးပြီး အားကစားလူချွန်လူကောင်းများဖြစ်သည်ကို လက်တွေ့ပြသနိုင်မည့် အခွင့်အလမ်းကောင်းတစ်ရပ်လည်းဖြစ်ကြောင်း၊ အဆိုပါအခွင့်အလမ်းကြီးကို အမိအရဆုပ်ကိုင်ပြီး နိုင်ငံ့ဂုဏ်ကိုမြှင့်တင်သွားနိုင်ကြမည်ဟုလည်း နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးက ယုံကြည်မျှော်လင့်လျက်ရှိကြောင်း၊ ထို့သို့နိုင်ငံတော်နှင့် မိဘပြည်သူများ၏ ယုံကြည်မျှော်လင့်ချက်များကို အကောင်အထည်ဖော်ရန် မောင်တို့မယ်တို့အနေဖြင့် ရေကုန်ရေခန်း အားထုတ်ကြိုးပမ်းသွားကြမည်ဟုလည်း အလေးအနက်ယုံကြည်ကြောင်း။

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အားကစားနည်း ၅၄ မျိုး ထည့်သွင်းကျင်းပမည်ဟုသိရှိရပြီး မိမိတို့နိုင်ငံအနေဖြင့် အချိန်ယူစခန်းသွင်းလေ့ကျင့်ခဲ့ပြီး အဆင့်မီမီပါဝင်ယှဉ်ပြိုင်နိုင်မည့် အားကစားနည်း ၃၈ မျိုးတွင် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း၊ လက်ရွေးစင်အားကစားသမားများကို လေ့ကျင့်ရာတွင် အထောက်အကူပြုရေးအတွက် အားကစားဆေးဘက်ဆိုင်ရာ၊ စိတ်ပညာဆိုင်ရာနှင့် တားမြစ်ဆေးဝါးအကြောင်း အသိပညာဆွေးနွေးပွဲပေါင်း ၁၄ ကြိမ် ကျင်းပပေးခဲ့ခြင်းအပြင် လက်ရွေးစင်အားကစားသမားများအတွက် ဆေးပစ္စည်းများ ဖြည့်တင်းပေးခဲ့ပြီး စခန်းသွင်းလေ့ကျင့်ရေးအတွက် စားစရိတ်၊ ထောက်ပံ့ကြေး၊ လေ့ကျင့်ရေးသုံးပစ္စည်း၊ ပြိုင်ပွဲသုံးပစ္စည်းကုန်ကျစရိတ်များကိုလည်း နိုင်ငံတော်ဘဏ္ဍာမှ ကျခံသုံးစွဲဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ထို့အပြင် ပြိုင်ပွဲတွင် အဆင့်မီမီယှဉ်ပြိုင်ရန်နှင့် ပြည်ပအတွေ့အကြုံရရှိစေရန်အတွက် ပြည်ပနိုင်ငံများသို့ အားကစားနည်း ၂၉ မျိုးကို ၁၁၉ ကြိမ် သွားရောက်ယှဉ်ပြိုင်စေခဲ့ပြီးဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများတွင် ပူးတွဲလေ့ကျင့်မှုအဖြစ် အားကစားနည်း ၁၆ မျိုးကို အကြိမ် ၃၀ စေလွှတ်လေ့ကျင့်စေခဲ့ကြောင်း၊ နိုင်ငံခြားသားနည်းပြ ငါးဦးကိုလည်း နိုင်ငံတော်စရိတ်ဖြင့် ငှားရမ်းလေ့ကျင့်စေရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပြီးခဲ့သည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအသင်းသည် အားကစားနည်း ၁၉ နည်း ဝင်ရောက်ယှဉ်ပြိုင်ရာမှ ရွှေတံဆိပ် ၂၁ ဆု၊ ငွေတံဆိပ် ၂၅ ဆု၊ ကြေးတံဆိပ် ၆၈ ဆု စုစုပေါင်း ၁၁၄ ဆု ရရှိခဲ့သည်ကို နိုင်ငံတော်က ဆုကြေးငွေ စုစုပေါင်းငွေကျပ် ၃၃၃,၃၀၀,၀၀၀/- (ကျပ် သုံးထောင်သုံးရာ သုံးဆယ့်သုံးသိန်းတိတိ) ချီးမြှင့်ခဲ့ကြောင်း။

ယခု (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အနေဖြင့် ယခင်ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အကြိမ်များထက် ဆုတံဆိပ်ပိုမိုရရှိအောင် စွမ်းဆောင်ပေးကြရန် မှာကြားချင်ကြောင်း၊ သို့မှသာ မြန်မာအားကစားအဖွဲ့၏ အောင်မြင်မှုသမိုင်းကို တိုးတက်မှုနှင့် မှတ်တမ်းတင်သွားနိုင်ကြမည်ဖြစ်သကဲ့သို့ နိုင်ငံ့ဂုဏ်ကိုလည်း မြှင့်တင်ပေးရာရောက်မည်ဖြစ်ကြောင်း။

**တရားမျှတစွာဖော်ထုတ်ပြသနိုင်**

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသည် အာဆီယံဒေသတွင်း၌ အမြင့်မားဆုံးအားကစားပြိုင်ပွဲတစ်ခုဖြစ်သည့်အတွက် ယခုပြိုင်ပွဲမှတစ်ဆင့် အာရှနှင့်ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများအထိ ဆက်လက်ပြီး ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး မျှော်မှန်းကြိုးပမ်းသွားကြစေလိုကြောင်း၊ အားကစားပြိုင်ပွဲဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယ ကြိုးပမ်းအားထုတ်မှုများနှင့် စည်းလုံးညီညွတ်မှုများကို တရားမျှတစွာဖော်ထုတ်ပြသနိုင်သည့် စွမ်းရည်ယှဉ်ပြိုင်မှုလည်းဖြစ်ကြောင်း။

အမိမြန်မာနိုင်ငံတော်နှင့် မြန်မာနိုင်ငံသားအားလုံး၏ ဂုဏ်သိက္ခာနှင့်သက်ဆိုင်၍လည်း ပြိုင်ပွဲတိုင်းအနိုင်ရရှိရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မြန်မာအားကစားအဖွဲ့ဝင်အားလုံး၏ ပခုံးထက်တွင်ရှိနေသည်ကိုလည်း သတိပြုနှလုံးသွင်းထားကြရမည်ဖြစ်ကြောင်း။

တစ်မျိုးသားလုံး သက်ရှည်ကျန်းမာစေရေးအတွက် အားကစားကဏ္ဍသည် အရေးကြီးကြောင်း၊ **"အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်"** ဆိုသည့်ဆောင်ပုဒ်အတိုင်း အားကစားစိတ်ဓာတ်သည် တိုင်းချစ်ပြည်ချစ်စိတ်ကို ဖြစ်ပေါ်လာစေပြီး တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်လိုသည့်စိတ် ပေါ်ပေါက်လာစေမည်ဖြစ်သည့်အတွက် အားကစားကဏ္ဍကို အားပေးမြှင့်တင်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။ *စာမျက်နှာ ၄ သို့*



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်ထံ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်နိုင်ရေးအလံအဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အပ်နှင်းစဉ်။

*စာမျက်နှာ ၃ မှ*

ထို့ကြောင့် မိမိတို့တာဝန်ယူနေစဉ်ကာလတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ၂၀၂၁ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့က ကျန်းမာရေးဝန်ကြီးဌာနနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဆိုပြီး သီးခြားစီဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် ငယ်ရွယ်စဉ်ကတည်းက ပညာသင်ယူခြင်းနှင့်အတူ အားကစားလိုက်စားခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး ဗလငါးတန်ပြည့်ဝသည့် နိုင်ငံ့သားကောင်းများဖြစ်လာအောင် ပြုစုပျိုးထောင်သွားမည့် ရည်ရွယ်ချက်ပင်ဖြစ်ကြောင်း။

**ထိုက်ထိုက်တန်တန် ဂုဏ်ပြုပေးလျက်ရှိ**

နိုင်ငံတော်အနေဖြင့် ခေတ်အဆက်ဆက်က အာရှအားကစားပြိုင်ပွဲနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရယူပေးခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကြီးများကို စဉ်ဆက်မပြတ် ဂုဏ်ပြုချီးမြှင့်ပေးခဲ့ပြီး အသက် ၆၀ ပြည့်မြောက်သည့်အချိန်မှစ၍ သက်ရှိထင်ရှားရှိနေသမျှကာလပတ်လုံး လစဉ်ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်လျက်ရှိကြောင်း၊ ထို့အပြင် နိုင်ငံတော်၏ နေ့ကြီး၊ ရက်ကြီးများတွင်လည်း နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကို ဝဏ္ဏကျော်ထင်ဘွဲ့၊ လူမှုထူးချွန်တံဆိပ် ပထမဆင့်၊ ဒုတိယဆင့်နှင့် တတိယဆင့် စသည်ဖြင့် ထိုက်ထိုက်တန်တန် ချီးမြှင့်ဂုဏ်ပြုပေးလျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ်အထိ ဝဏ္ဏကျော်ထင်ဘွဲ့ ၂၁ ဦး၊ လူမှုထူးချွန်တံဆိပ် (ပထမဆင့်) ၆၅ ဦး၊ လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်) ၄၈ ဦး၊ လူမှုထူးချွန်တံဆိပ် (တတိယဆင့်) ၇၈ ဦး၊ စုစုပေါင်း ၂၁၂ ဦး ချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်း၊ ချီးမြှင့်ရန်ကျန်ရှိသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကိုလည်း ဆက်လက်ပြီး စိစစ်ချီးမြှင့်ဂုဏ်ပြုပေးသွားမည်ဖြစ်သကဲ့သို့ ယခုပြိုင်ပွဲတွင် နိုင်ငံတော်အတွက် ဆုတံဆိပ်များရယူပေးကြမည့် နိုင်ငံ့ ဂုဏ်ဆောင် အားကစားမောင်မယ်များအနေဖြင့်လည်း အလားတူ အခွင့်အရေးများ ရရှိလာကြမည်ဖြစ်ကြောင်း။

**အစွမ်းကုန်ကြိုးပမ်း**

ယခုနိုင်ငံတော်ကိုကိုယ်စားပြုပြီး သွားရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံ့လက်ရွေးစင် အားကစားသမားများသည် ကျန်းမာကြံ့ခိုင်မှု၊ နည်းစနစ်ပိုင်နိုင်ကျွမ်းကျင်မှု၊ အားကစားစွမ်းဆောင်ရည်မြင့်မားမှု၊ စံချိန်စံညွှန်းကောင်းမွန်မှု စသည့်အချက်များနှင့် ပြည့်ပြည့်ဝဝ ခိုင်ခိုင်မာမာရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ပြိုင်ပွဲတွင်အောင်နိုင်ရေးနှင့် အမိနိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ရေးဆိုသည့် တာဝန်ကြီးကို မြန်မာအားကစားအဖွဲ့ဝင်များအားလုံး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကိုအရင်းတည်ပြီး ခွဲ၊ လုံ့လ၊ ဝီရိယ စိုက်ထုတ်ကာ အစွမ်းကုန်ကြိုးပမ်းသွားကြရန် ထပ်မံတိုက်တွန်းလိုကြောင်း။

ပြိုင်ပွဲကြီးကပေါ်ထွက်လာမည့် အားကစားအောင်မြင်မှုများကိုလည်း ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်ပေးသွားမည်ကို ပြောကြားလိုကြောင်း၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ယခုကဲ့သို့ သွားရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အဘက်ဘက်မှ ကူညီအားပေးခဲ့ကြသည့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များအပါအဝင် အားလုံးကို နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုကြောင်း။

**အောင်လံလွှင့်ပျံနေစေရေး စွမ်းဆောင်**

မြန်မာအားကစားအဖွဲ့ဝင်များအားလုံး နိုင်ငံနှင့်လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်ရေးဆိုသည့် အမျိုးသားရေးသန္နိဋ္ဌာန်ဖြင့် ရေကုန်ရေခန်း ကြိုးပမ်းယှဉ်ပြိုင်သွားကြရန်၊ ပြိုင်ပွဲကာလအတွင်း အသင်းအဖွဲ့စိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်များဖြင့် အချင်းချင်း ရိုင်းပင်းကူညီသွားကြရန်၊ နိုင်ငံကြီးသားစိတ်ဓာတ်ဖြင့် တရားမျှတသန့်ရှင်းစွာယှဉ်ပြိုင်ပြီး အရှေ့တောင်အာရှဒေသ ညီနောင်နိုင်ငံများအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြှင့်တင်ပေးနိုင်သည့် အားကစားချစ်ကြည်ရေးသံတမန်ကောင်း တာဝန်များကို ကျေပွန်ခဲ့ကြရန်၊ အားကစားနှင့်တိုင်းပြည်ဂုဏ်ကို မြှင့်တင်ပေးနိုင်သည့် အားကစားသူရဲကောင်း မောင်မယ်များအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အောင်လံလွှင့်ပျံနေစေရေး စွမ်းဆောင်သွားကြရန် တိုက်တွန်းအားပေးမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ထံ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်နိုင်ရေးအလံအဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အပ်နှင်းသည်။

ဆက်လက်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအား လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး အားကစားအဖွဲ့များအသုံးပြုမည့် အားကစားနည်းများအလိုက် အသုံးအဆောင်ပစ္စည်းများအား ပြခန်းတစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များ၏ အားကစားနည်းများအလိုက် အသုံးအဆောင်ပစ္စည်းများအား ကြည့်ရှုစစ်ဆေးစဉ်။







နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များ၏ အားကစားနည်းများအလိုက် အသုံးအဆောင်ပစ္စည်းများအား ကြည့်ရှုစစ်ဆေးစဉ်။

# နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တတိယအစည်းအဝေး ဒုတိယနေ့ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၉**

နဝမအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တတိယအစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ဆက်လက်ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင်သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက် အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒက ဆောင်ရွက်တော်မူသည်။

ထို့နောက် နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ပထမအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တကေသဝကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမနာဘိဝံသက လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တပဏ္ဍိတကလည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီအချိန်၌ ရပ်နားသည်။

ယင်းနောက် ဒုတိယနေ့ အစည်းအဝေး ဒုတိယပိုင်းကို



မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပပြီး ဝိနိစ္ဆယရေးရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ဆက်လက်၍ နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ပထမအဖွဲ့ခွဲ၏ပထမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးချက်များအပေါ် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်ကို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တ ဣန္ဒာဝုဓကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥတ္တမ ကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များကို အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တသုဘောဂကလည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။

ထို့နောက် နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ပထမအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒက အတည်ပြုချက်ရယူပြီး အစည်းအဝေး တက်ရောက်လာကြသည့် ဆရာတော်များ အားလုံးက "ဇယန္တော ဗောဓိယာမူလေ" အစချီသော နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီးနောက် သာဓု သုံးကြိမ်ခေါ်ဆိုလျက် နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တတိယအစည်းအဝေးကို အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံဝေဠုဝန် (ရွှေကျင်) ကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတ ဦးဆောင်သော တပည့်ဒါယကာ ဒါယိကာမ ဓမ္မမိတ်ဆွေများက တေစတ္တာလီသတိမ (၄၃) ကြိမ်မြောက် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်း တစ်နေ့တာ ဆက်ကပ်လှူဒါန်းကြသည်။ **သတင်းစဉ်**

# အမျိုးသမီး စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်များနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၉**

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းက ကြီးမှူး၍ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၇ ရက်မှ ၂၅ ရက်အထိ ကျရောက်သော ကမ္ဘာလုံးဆိုင်ရာ စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များ ရက်သတ္တပတ်-၂၀၂၅ (Global Entrepreneurship Week 2025) နှင့် ယနေ့တွင် ကျရောက်သော အမျိုးသမီး စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်များနေ့ -၂၀၂၅ (Women Entrepreneurship Day 2025) ကို ဂုဏ်ပြုသောအားဖြင့် "အတူတွဲတည်ဆောက်ကြမည်၊ သူမအတွက် ရင်းနှီးမြှုပ်နှံကြစို့" ( Together We Build: Invest in Her) ဆောင်ပုဒ်ဖြင့် ကျင်းပသည့် အခမ်းအနားကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် တက်ရောက်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဗိုလ်ဌေး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ မိတ်ဖက်အဖွဲ့အစည်းများ၏ ဥက္ကဋ္ဌများ၊ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း နာယက၊ အကြံပေးများ၊ ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသည့်




ဧည့်သည်တော်များ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းအနေဖြင့် အခမ်းအနားများကို နှစ်စဉ်အောင်မြင်စွာကျင်းပပြီး ယခုနှစ်တွင် "အတူတွဲ တည်ဆောက်ကြမည်၊ သူမအတွက် ရင်းနှီးမြှုပ်နှံကြစို့" ဟူသောဆောင်ပုဒ်ဖြင့် အသိပညာပေးဆွေးနွေးသွားမည်ဟု သိရှိရကြောင်း၊ အမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်အများစုသည် အသေးစား၊ အငယ်စား၊ အလတ်စား လုပ်ငန်းများစွာတို့ကို ဦးဆောင်နေကြသည်ဖြစ်ရာ ၎င်းတို့၏ အောင်မြင်မှုသည် နိုင်ငံ၏ အလုပ်အကိုင်ဖန်တီးမှု၊ ဆန်းသစ်တီထွင်နိုင်မှုနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အရေးပါကြောင်း၊ " သူမအတွက် ရင်းနှီးမြှုပ်နှံကြစို့" ဟူသည့် ဆောင်ပုဒ်နှင့်အညီ အမျိုးသမီးများ စီးပွားရေးတွင် ပါဝင်နိုင်ရေး ဝိုင်းဝန်းအားပေးကြရမည်ဖြစ်ကြောင်း။

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းအနေဖြင့် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ၏ စွမ်းပကားကို ကမ္ဘာမှ သိရှိနိုင်ရန် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၀ မှ အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ ဂရိနိုင်ငံတွင် ကျင်းပခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးစွမ်းဆောင်ရှင်များအသင်းညီလာခံသို့ တက်ရောက်ခဲ့ကြပြီး အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုလက်မှတ်ကို လက်ခံရရှိခဲ့ကြောင်း၊ အမျိုးသမီးတိုင်းသည် ဆန်းသစ်သောစိတ်ကူးအိပ်မက်များကို အကောင်အထည်ဖော်နိုင်ပြီး လေးနက်သော စီမံခန့်ခွဲမှုများကို ဆောင်ရွက်နိုင်ကာ နိုင်ငံတစ်ခုတိုးတက်အောင် ဖန်တီးနိုင်ကြောင်းကို ယုံကြည်ပြီး အခွင့်အလမ်းများ အတူတကွဖန်တီးပေးကြပါရန် ပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုအမှာစကား ပြောကြားခြင်း၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ၊ အကြံပေး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ ကုမ္ပဏီများ၏ မန်နေဂျင်းဒါရိုက်တာများက စီးပွားရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ကြပြီး မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌ(၁)နှင့်ဒုတိယဥက္ကဋ္ဌ(၃)တို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ စက်မှုဝန်ကြီးဌာနရှိ ရော်ဘာခြံများတွင် တာဝန်ထမ်းဆောင်နေသည့် ခြံတာဝန်ခံများနှင့် တွေ့ဆုံသည့် အခမ်းအနားကို စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အထွေထွေမန်နေဂျာတို့က ရော်ဘာထုတ်လုပ်မှု တိုးမြှင့်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှု၊ ပင်အိုပင်ဟောင်းများ အစားထိုးနိုင်ရေးအတွက် ပျိုးပင်များ စုဆောင်းထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# မိုင်းပန်မြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**မိုင်းပန် နိုဝင်ဘာ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောကာကွယ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီက အခြေခံပညာအလယ်တန်းကျောင်း(မွေတော်)၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဇော်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးရန်ပိုင်ထွန်းက သစ်တောထိန်းသိမ်းရေး သိကောင်းစရာများ၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဟိန်းလင်းထိုက်က မီးခိုးမြူငွေ့လျှော့ချရေး မီးဘေးအန္တရာယ်ဆိုင်ရာ များကိုလည်းကောင်း ဟောပြောခဲ့ပြီး ကျောင်းသားကျောင်းသူများက သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး(၅/၂၀၂၅) ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေး (၅/၂၀၂၅)ကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီး ချုပ်များက Video Conference စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၅)မှတ်တမ်းကို အတည်ပြုခြင်း ဆောင်ရွက်သည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံ၏နိုင်ငံရေး၊စီးပွားရေး၊လူမှုရေးနှင့်ရွေးကောက်ပွဲ ဆိုင်ရာ ကိစ္စရပ်များကို တည်ငြိမ်မှုရှိပြီး အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိ မိမိတို့နိုင်ငံ အပေါ် အနောက်အင်အားကြီး နိုင်ငံအချို့နှင့် ၎င်းတို့ ၏ သြဇာလွှမ်းမိုးခံနိုင်ငံများအနေဖြင့် စီးပွားရေး ပိတ်ဆို့အရေးယူဆောင်ရွက်မှုများ၊ မီဒီယာအသုံးပြု ထိုးနှက်တိုက်ခိုက်ခြင်းများ ဆောင်ရွက်လျက်ရှိ ကြောင်း၊ ထိုသို့ ဆောင်ရွက်မှုများအပေါ် နိုင်ငံတော် အကြီးအကဲ၏ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆောင်ရွက်သည့် ထိပ်သီးအစည်းအဝေးများ၊ ကမ္ဘာ့ အင်အားကြီး နိုင်ငံများသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်များအတွင်း နိုင်ငံတကာ ခေါင်းဆောင် အများအပြားနှင့် ထိတွေ့ဆက်ဆံခြင်း၊ တွေ့ဆုံဆွေးနွေးခြင်းတို့ဖြင့် မိမိတို့ နိုင်ငံအပေါ် တစ်ဖက်သတ် စွပ်စွဲပြောဆိုချက်များနှင့် ပြည်တွင်း ပြည်ပ ဆန့်ကျင်ဘက် အဖွဲ့အစည်းများ၏ ပြည်သူ လူထုအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် အဖျက် အမှောင့် လုပ်ဆောင်ချက်များကို နိုင်ငံတကာမှ နားလည်သဘောပေါက်စေခဲ့ပြီး မိမိတို့နိုင်ငံအပေါ် နိုင်ငံတကာ၏ ယုံကြည်မှုကို မြှင့်တင်ပေးခြင်းနှင့် အပြုသဘောဆောင်သည့် ထိတွေ့ဆက်ဆံမှုတွေကို ရရှိခဲ့ကြောင်း။

လက်ရှိကာလတွင် နယ်စပ်ဒေသများကိုအခြေပြု ၍ ဖြစ်ပေါ်လျက်ရှိသော နိုင်ငံဖြတ်ကျော် မှုခင်းများနှင့် နယ်စပ်အခြေပြု လက်နက်ကိုင်အဖွဲ့အစည်းများက ကာစီနိုနှင့် အွန်လိုင်းလောင်းကစားခြင်းများကို နိုင်ငံတကာ ရာဇဝတ်အဖွဲ့များနှင့်အတူ ကျူးလွန် ဆောင်ရွက်နေသည့်အတွက် နိုင်ငံတော်အစိုးရမှ ထိထိရောက်ရောက် ရှင်းလင်းဆောင်ရွက်နေကြောင်း၊ ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ ၂၀၂၅ ခုနှစ် နိုဝင်ဘာလလယ်အထိ နှစ်နှစ်ကျော်ကာလအတွင်း မြန်မာသို့ အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် တရားမဝင် ရောက်လာခဲ့သည့် နိုင်ငံပေါင်း ၅၂ နိုင်ငံမှ နိုင်ငံခြား သား ၆၈၀၀၉ ဦးကို အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်ပြန်လည်လွှဲပြောင်း ပေးခဲ့ပြီးဖြစ်ကြောင်း၊ အိမ်နီးချင်းနယ်စပ်လမ်း ကြောင်းများမှတစ်ဆင့် မိမိတို့နိုင်ငံအတွင်း တရား မဝင် ဝင်ရောက်လာပြီး နယ်စပ်ဒေသများတွင် အခိုင် အမာအခြေချ၍ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန် နေသည့်လောင်းကစားအဖွဲ့များကိုလည်း အမျိုးသား ရေးတာဝန်တစ်ရပ်အဖြစ် အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှားဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ နိုင်ငံ၏ လက်ရှိဆောင်ရွက်နေမှု အခြေအနေများကို နိုင်ငံတကာမှ သတင်းအမှန်အတိုင်း သိရှိနိုင်စေရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဆိုပါနယ်မြေရှိ တာဝန်ရှိသူများက ဆောင်ရွက်ပေးကြရန်လိုအပ် ကြောင်း။

မိမိတို့နိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်



စေရေးဆောင်ရွက်ရာတွင် တရားမဝင် ကုန်သွယ်မှု များသည် အဓိကအဟန့်အတားဖြစ်နေပြီး လူမှုရေး၊ စီးပွားရေးနှင့်လုံခြုံရေး ကဏ္ဍများအပေါ် များစွာ ဆိုးကျိုးသက်ရောက်စေလျက်ရှိကြောင်း၊ တိုင်းဒေသ ကြီး/ ပြည်နယ်အသီးသီးတွင် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအတွက် စီမံချက်များချထားပြီး တိုးတက်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့သည့်အတွက် ယခုအခါ တရားမဝင်ကုန်သွယ်မှုများ ယခင်ကထက် များစွာလျော့နည်း ကျဆင်းလာသည်ကို တွေ့ရှိရ ကြောင်း၊ လက်ရှိ အခြေအနေအရ ရနောင်း၊ ကော့သောင်း၊ ရန်ကုန်လမ်းကြောင်းတွင် ကုန်သွယ်မှု ကိုလည်း ပိုမိုတိုးမြှင့် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ လက်ရှိကာလတွင် နယ်စပ်ဖြစ်သည့် မြဝတီ၊ ရှမ်း ပြည်နယ်(မြောက်ပိုင်း)၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ် များသို့ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်လာမှု မရှိစေရေး အလေးအနက်ထားပြီး တားဆီးစစ်ဆေး ခြင်းများ ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိမှုအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊ ဥပဒေများအပြင် လိုအပ်ပါက ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေဖြင့်ပါ စိစစ် ဖော်ထုတ်အရေးယူနိုင်ရေး ပေါင်းစပ်ဆောင်ရွက်သွား ကြရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုသည် နိုင်ငံအတွက် ဘက်ပေါင်းစုံက ဆိုးကျိုးများကိုသာ သက်ရောက်စေသည့်အတွက် အလုံးစုံပပျောက်စေ ရေးအထိ ရည်မှန်းချက်ထား ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

မူးယစ်ဆေးဝါးသည် နိုင်ငံတော်နှင့်နိုင်ငံသား တို့၏ လူမှုစီးပွားဘဝကို ပြင်းထန်စွာ ရိုက်ခတ်စေ လျက်ရှိကြောင်း၊ အဓိကအားဖြင့် လုံခြုံရေးအရ တည်ငြိမ်မှုမရှိသည့် ဒေသများနှင့် နယ်စပ်ဒေသများ တွင် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များမှ သယ်ယူခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် ကျောင်းသား ကျောင်းသူအရွယ် လူငယ်များအား ပစ်မှတ်ထား သုံးစွဲစေခြင်းတို့ကြောင့် မိမိတို့ရဲ့ ကျောင်းသား ကျောင်းသူများ ပညာရေးထိခိုက်ခြင်းနှင့် လူ့အညွန့် ကျိုးသည့်ကိစ္စများ မဖြစ်ပေါ်စေရေးအတွက် မူးယစ် ဆေးဝါးများကို အမြစ်ပြတ်အောင် ဖော်ထုတ်ဖမ်းဆီး နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ကာ ထိထိရောက်ရောက် အရေးယူသွားရန်လိုအပ်ကြောင်း။

နိုင်ငံစီးပွားတိုးတက်စေရန်မှာ ကုန်ထုတ်လုပ်မှု တိုးတက်ရန် အဓိကလိုအပ်ပါကြောင်း၊ **"နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့"** ဆိုသည့် ဆောင်ပုဒ်ကို အကောင်အထည်ဖော်ရာတွင် နိုင်ငံကို ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် နိုင်ငံ အတွင်းမှီတင်းနေထိုင်ကြသည့်ပြည်သူလူထုအားလုံး တွင် တာဝန်ရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုသည် ကုန်ထုတ်လုပ်မှု ကဏ္ဍအပေါ်တွင် များစွာမူတည်နေကြောင်း၊ ကုန်ထုတ်လုပ်မှုဆိုရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှုလုပ်ငန်းများ၊ သတ္တုတူးဖော်ရေး၊ စက်မှု ကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများအားလုံး တစ်ခုနှင့် တစ်ခု ဆက်စပ်ပါဝင်နေပြီး နိုင်ငံ့စီးပွားရေးကို သက်ဝင်လှုပ်ရှားစေသကဲ့သို့ အလုပ်အကိုင် အခွင့် အလမ်းများစွာကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ် ကြောင်း။

ထို့အတူ ပြည်သူများ၏ နေထိုင်စားသောက်ရေး နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရန်နှင့် ကုန်စည်ဈေးနှုန်း တည်ငြိမ်ရန်လည်းလိုအပ်ကြောင်း၊ ထို့ကြောင့် အခြေခံကျသည့် ဆန်ဈေးနှုန်း တည်ငြိမ် နေသည်ဆိုသော်လည်း ထုတ်လုပ်မှု၊ ဝယ်ယူမှု၊ ဖြန့်ဖြူးမှု၊ ရောင်းချမှုနှင့် စားသုံးမှုစသည့် ကွင်းဆက် များအားလုံးကို လိုက်လျောညီထွေ ဟန်ချက်ညီညီ ဖြင့် မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်ရန် လိုအပ် ကြောင်း၊ ထို့ပြင် ဆန်စပါးနည်းတူ အခြားရာသီပေါ် သီးနှံများအတွက်လည်း ရောင်းဝယ်ဖောက်ကားမှု ကွင်းဆက်မှန်ကန်စေရေး ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၏ လူမှုစီးပွား ဘဝ အဆင်ပြေမှု ရရှိနိုင်မည်ဖြစ်သည့်အတွက် ဈေးကွက်စစ်ဆေးရေး၊ ဈေးနှုန်းထိန်းညှိရေးနှင့် မတရားအမြတ်တင် ရောင်းချမှုများကို ထိထိ ရောက်ရောက် စစ်ဆေးထိန်းသိမ်းသွားရန် လိုအပ် ကြောင်း။

နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ အဓိက မောင်းနှင်အားဖြစ်သော စိုက်ပျိုးရေး အခြေခံ ကုန်ထုတ်လုပ်မှု (Agro-based Industries) ကို ယခုအခါ အဓိကဦးစားပေး ဆောင်ရွက်ရမည်ဖြစ်ပြီး အနာဂတ် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) ပန်းတိုင်များအထိ ရရှိစေရန် အလေးထားဆောင်ရွက်သွားကြစေလို ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံ သည့်နိုင်ငံဖြစ်သည့်အတွက် သီးနှံအထွက်တိုးမြှင့်ရေး သည် နိုင်ငံ၏ အဓိကပန်းတိုင်ဖြစ်ကြောင်း၊ စိုက်ပျိုး သီးနှံများ အထွက်တိုးလာမှသာ ပြည်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံအတွက် လိုအပ်သည့် စားနပ်ရိက္ခာများလည်း လုံလောက်မှုရရှိ နိုင်မည်ဖြစ်သည့်အတွက် စိုက်ပျိုးရေးကဏ္ဍကို အခြေခံ၍ စီးပွားရေးကွင်းဆက်တစ်ခုလုံးကို ခိုင်မာ အောင် တည်ဆောက်ရန် လိုအပ်ကြောင်း၊ ထို့ပြင် ထုတ်လုပ်မှုတိုးတက်ရေးအတွက် နည်းပညာအသုံးချ မှုများအပါအဝင် စက်မှုဖွံ့ဖြိုးတိုးတက်မှုများကို အကျိုးရှိစွာ အသုံးချ၍ ပူးပေါင်းကြံဆ ဆောင်ရွက် သွားကြရန်လည်း လိုအပ်ကြောင်း၊ အခြေခံ ဆီထွက် သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်းနှင့် နေကြာသီးနှံများ ပန်းတိုင်ရည်မှန်းချက် ပြည့်မီစွာထုတ်လုပ်နိုင်အောင် ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း၊ ပန်းတိုင်ရည်မှန်း ချက်ရရှိရန်အတွက် နေပြည်တော်ကောင်စီ၊ တိုင်း ဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ ပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

စိုက်ပျိုးရေးဆောင်ရွက်ရာတွင် တောင်သူများ အား စိုက်ပျိုးမြေအမျိုးအစားကို သိရှိနားလည်၍ နည်းစနစ်တကျ စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ အသိပညာပေးပြီး နည်းစနစ်တကျ ဆောင်ရွက်တတ် စေရေး ကြီးကြပ်ဆောင်ရွက်ပေးရန် လိုအပ်ပါ ကြောင်း။

ထို့ပြင် အရည်အသွေးကောင်းမွန်သည့် စားသုံးဆီ များ ထုတ်လုပ်နိုင်ရန်အတွက် ဆီစက်များ အဆင့် မြှင့်တင်ခြင်းများ ဆောင်ရွက်နိုင်ရန် နိုင်ငံ့စီးပွား မြှင့်တင်ရေး ရန်ပုံငွေမှ ချေးငွေများ ထုတ်ချေးပေး ထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေ ဖြင့်လည်း ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လိုအပ်သည့်မတည်ရင်းနှီးမှုများကို ခွင့်ပြု ပေးလျက်ရှိကြောင်း၊ စားသုံးသူပြည်သူများအနေဖြင့် လည်း လိုအပ်သည်ထက် ဆီကို ပိုမိုစားသုံးခြင်းသည် မိမိတို့၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည်ကို သိရှိ ပြီး ဆီစားသုံးမှုကို တတ်နိုင်သမျှလျှော့ချရန် လိုအပ် သည့်အပြင် အသိပညာပေးခြင်း အစီအစဉ်များကို လည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်စေလို ကြောင်း။

နိုင်ငံ၏ စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ဝါ၊ ဝါး၊ ရော်ဘာအပြင် ကော်ဖီ၊ ငရုတ်ကောင်းများကို တိုးတက် စိုက်ပျိုးရန် လိုအပ်ကြောင်း၊ ယင်းသီးနှံများသည် ပြည်ပဈေးကွက်တွင် ဝယ်လိုမှုအားကောင်းသည့် အမယ်များဖြစ်ကြောင်း၊ ၎င်းတို့ကိုစိုက်ပျိုးရာတွင် လည်း မျိုးကောင်းမျိုးသန့် ရရှိရန်လည်း လိုအပ် ကြောင်း၊ ဝါတွင် ချည်ထည်ထုတ်လုပ်နိုင်ရန်အတွက် ချည်မျှင်ရှည်ဝါ မျိုးကောင်းမျိုးသန့် စိုက်ပျိုးရန် လိုအပ်ကြောင်း၊ အလားတူ မိမိတို့နိုင်ငံတွင် ဝါး စိုက်ပျိုးနိုင်သည့် မြေဧကပေါင်း နှစ်သိန်းခန့်ရှိ ကြောင်း၊ ဝါးမှတစ်ဆင့် ပျော့ဖတ်ထုတ်လုပ်ပြီး ၎င်းမှ တစ်ဆင့် အရည်အသွေးမီစက္ကူအဖြစ် တန်ဖိုးမြှင့် ပြောင်းလဲထုတ်လုပ်နိုင်ပါကြောင်း၊ ပျော့ဖတ်များကို လည်း ပြည်ပသို့တင်ပို့၍ ဈေးကွက်ဖော်ဆောင်ကြရ မည်ဖြစ်ကြောင်း၊ ရော်ဘာနှင့် ပတ်သက်၍လည်း ရော်ဘာအချောထည် ထုတ်ကုန်ပစ္စည်းများအဖြစ် တာယာမျိုးစုံ၊ ရော်ဘာဖိနပ် စသည့်ရော်ဘာထွက် ပစ္စည်းတို့ကို ထုတ်လုပ်၍ ပြည်တွင်းတွင် သုံးစွဲနိုင် သကဲ့သို့ ရော်ဘာတန်ဖိုးမြှင့် Value added အနေဖြင့် ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ကြောင်း၊ စားသောက် ကုန်ကော်ဖီသည်လည်း နေ့စဉ်ပြည်တွင်းစားသုံးမှု များပြားသည့် မရှိမဖြစ် ကုန်ပစ္စည်းဖြစ်သည့်အပြင် ပြည်ပသို့ တင်ပို့ရာတွင်လည်း ဈေးကွက်ရှိသည့် စားသောက်ကုန်ပစ္စည်းဖြစ်သဖြင့် အောင်မြင်အောင် မဖြစ်မနေတိုးချဲ့စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ အလားတူ ငရုတ်ကောင်းသည် ပြည်တွင်း၌သာမက နိုင်ငံတကာ တွင် ဟင်းခတ်အမွှေးအကြိုင်အဖြစ် အသုံးပြုသည့် ဈေးကွက်ဝင် သီးနှံဖြစ်သည့်အတွက် စိုက်ပျိုးရန် ကိုက်ညီသော ဒေသများတွင် တိုးချဲ့စိုက်ပျိုးရန် လိုအပ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အသေးစား၊ အလတ်စားနှင့် အကြီးစားစက်မှုလုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်မှုသည် အရေးပါသည့် လိုအပ် ချက် တစ်ခုလည်းဖြစ်ကြောင်း၊ **"စက်မှုစွမ်းအား ခေတ်ကျော်လွှား"**ဆိုသည့်အတိုင်း စက်မှုကဏ္ဍတိုးတက် မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်း များမှ ပြည်တွင်းတွင်လိုအပ်သည့် ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ခြင်းကြောင့် ပြည်ပသွင်းကုန်များ လျှော့ချ လာနိုင်ပြီး နိုင်ငံခြားငွေသုံးစွဲမှုများ လျော့နည်းသက်သာ လာမည်ဖြစ်သည့်အတွက် တိုင်းပြည်စီးပွားရေးကို

*စာမျက်နှာ ၇ သို့*

ရွေးကောက်ပွဲကျင်းပရန်
၃၈
ရက်
သာ လိုတော့သည်။

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

*စာမျက်နှာ ၆ မှ*
တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍတိုးတက်စေရန်အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုစနစ်ကို ခိုင်မာအောင် တည်ဆောက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ရင်းနှီးမြှုပ်နှံမှု၊ အခွန်အခနှင့် လုပ်ငန်းလိုင်စင်ဆိုင်ရာ မူဝါဒများကို ရှင်းလင်း၍ ရိုးရှင်းအောင် ဆောင်ရွက်ပြီး စက်မှုလုပ်ငန်းများအတွက် လိုအပ်သော ဝန်ဆောင်မှုနှင့် အခြေခံအဆောက်အဦများ စုစည်းပေးထားသည့် အထူးစက်မှုဇုန်များ (Industrial Zones)ကိုတည်ဆောက်ပေးထားပြီးဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများတွင် နည်းပညာမျှဝေခြင်းများကို ထိထိရောက်ရောက် လုပ်ဆောင်ပေးနိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွင်းရှိ လုပ်ငန်းများတွင်လည်း စဉ်ဆက်မပြတ် တိုးတက်မှုရှိနေမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး ဆောင်ရွက်ရာတွင် MSME ကဏ္ဍသည်လည်း လွန်စွာအရေးပါလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ယနေ့ခေတ်ကာလတွင် MSME များကို ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသည့် စီးပွားရေးပတ်ဝန်းကျင်တွင် ရှင်သန်ရပ်တည်နိုင်ရန်အတွက် ဒစ်ဂျစ်တယ်စနစ်ကို မဖြစ်မနေပြောင်းလဲအသုံးပြုရန် လိုအပ်လျက်ရှိပြီး ဒစ်ဂျစ်တယ်စနစ်သည် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို တိုးတက်လာစေသည့် အကျိုးကျေးဇူးများစွာ ရရှိစေမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် နည်းပညာ၊ ငွေကြေးနှင့် ဈေးကွက်ဆိုင်ရာ အကူအညီများစွာကို ကူညီပံ့ပိုးပေးလျက်ရှိကြောင်းနှင့် နိုင်ငံတော်အကြီးအကဲအနေဖြင့်လည်း ကုန်ထုတ်လုပ်မှုတွင် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူ့စွမ်းအားအရင်းအမြစ် ပြည့်စုံစေရေး ဆောင်ရွက်ပေးရန် လမ်းညွှန်မှာကြားထားပြီးလည်းဖြစ်သည့်အတွက် MSME လုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရန် မိမိတို့အစိုးရ၊ လုပ်ငန်းရှင်နှင့် ပြည်သူများအားလုံးတို့မှ လက်တွဲညီညီ ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ပညာရေးနှင့်ပတ်သက်၍ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့**ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မိမိတို့၏ ပညာရေးဆိုင်ရာ မူဝါဒများအဖြစ် လူတိုင်းအတွက် ပညာသင်ယူမှုအခွင့်အလမ်းများမြှင့်တင်ရေး၊ နိုင်ငံသားတိုင်း KG+9 ပြီးမြောက်အောင်မြင်ရေး၊ သင်ရိုးညွှန်းတမ်းများ ပြုပြင်မွမ်းမံရေး၊ ဆရာအရည်အသွေးမြှင့်တင်ရေး၊ သင်ကြားသင်ယူမှုမြှင့်တင်ရေး၊ စီမံခန့်ခွဲမှု အရည်အသွေးမြှင့်တင်ရေးတို့အပြင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းများဖွင့်လှစ်ရေးတို့ကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဆရာ၊ ဆရာမများအရေအတွက်နှင့် အရည်အချင်းများ ကောင်းမွန်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ဆရာ၊ ဆရာမများ အရည်အသွေးမြှင့်တင်ပေးရန်အတွက် သင်တန်းပေးခြင်းနှင့် ဘာသာစကားများ သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဝေးလံခေါင်ဖျားသည့် ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် ဆရာ၊ ဆရာမများကို အလှည့်ကျစနစ်ဖြင့် တာဝန်ပေးအပ်ရန်လိုအပ်ပြီး ထိုက်သင့်သည့် သက်သာချောင်ချိရေးနှင့် အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးရန်လည်း လိုအပ်ကြောင်း၊ ကျောင်းသားများ ရာနှုန်းပြည့်နီးပါး ကျောင်းတက်ရောက်ရေး၊ အတန်းစဉ် အောင်မြင်ရေးနှင့် ပညာရေးဆုံးခန်းတိုင်အောင် သင်ကြားပေးရန်လည်း လိုအပ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ မအောင်မြင်သူများကိုလည်း Job Training ပေး၍ အလုပ်လုပ်နိုင်ရန် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်းများကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီးလည်းဖြစ်သည့်အပြင် အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ သင်တန်းများကိုလည်း ဝန်ကြီးဌာနများအလိုက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့်အပြင် ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးရန်လည်း လျာထားဆောင်ရွက်လျက်ရှိပါကြောင်း။

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ ယနေ့ခေတ်တွင် ကိုယ်လက်လှုပ်ရှားမှုနည်းပါးသည့် နေထိုင်မှုပုံစံကြောင့် ရောဂါများ ဖြစ်ပွားလျက်ရှိကြောင်း၊ ထို့ကြောင့် ကိုယ်လက်လှုပ်ရှားနည်းပါးသူများအနေဖြင့် ကျန်းမာရေးအရ လမ်းလျှောက်လေ့ကျင့်ခန်း ဆောင်ရွက်စေလိုကြောင်း၊ လမ်းလျှောက်ခြင်းသည် အချိန်မကုန်၊ ငွေကြေးကုန်ကျမှုမရှိသည့် အကောင်းဆုံးသော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း တစ်ခုလည်းဖြစ်ကြောင်း၊ လာမည့် ဒီဇင်ဘာလသည် ကိုယ်လက်လှုပ်ရှား အားကစားရာသီဖြစ်သည့်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် လူထုလမ်းလျှောက်ပွဲများကို စည်စည်ကားကား သိုက်သိုက်ဝန်းဝန်းဖြင့် ပြည်သူလူထုမှ တက်တက်ကြွကြွဖြင့် ပါဝင်လာအောင် ယခုကာလတွင် လုပ်ဆောင်ပေးကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်တွင် မျိုးဆက်သစ်အားကစားသမားကောင်းများ ပေါ်ထွန်းလာရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့် မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်နိုင်ရန်အတွက် အခြေခံပညာကျောင်းနှင့် တက္ကသိုလ်များတွင် ဘောလုံးကွင်းများ၊ အားကစားကွင်းများအပြင် ပြည်နယ်နှင့်တိုင်း မြို့ကြီးများတွင် မိုးလုံလေလုံအားကစားရုံများ၊ Synthetic Rubber ပြေးလမ်းပါသည့် အားကစားကွင်း၊ ဘောလုံးကွင်းများကို အဆင့်မြှင့်ဆောင်ရွက်ပေးထားပါကြောင်း၊ သို့ဖြစ်၍ အဆိုပါ အားကစားကွင်းများအား ရေရှည်တည်တံ့ရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရမည့်အပြင် ထူးချွန်သည့် မျိုးဆက်သစ်ကစားသမားကောင်းများ ပေါ်ထွန်းလာစေရန်လည်း စဉ်ဆက်မပြတ်လေ့ကျင့်ပေးခြင်း၊ နည်းစနစ်များသင်ကြားလေ့ကျင့်ပေးခြင်းများ စသဖြင့် ဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် စီမံကိန်းဆိုင်ရာလုပ်ငန်းများ တင်ပြရာတွင် ဝန်ကြီးဌာနများအနေဖြင့် မိမိတို့၏ သက်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများအပေါ် မူတည်၍ စာရင်းဇယားတွင် ထည့်သွင်းဖော်ပြသည့် ကိန်းဂဏန်းများကို မှန်ကန်ရန်လိုအပ်ပြီး အရှိအတိုင်း တင်ပြကြရန် လိုအပ်ကြောင်း၊ အထူးသဖြင့် စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘဏ္ဍာရေးနှင့် သန်းခေါင်စာရင်း၊ ကုန်သွယ်ရေးကိစ္စများ စသည်တို့တွင် တိကျမှန်ကန်ရန် လိုအပ်ပါကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ နှစ်အလိုက် လုပ်ငန်းစီမံချက်များတွင် တင်ပြလာသည့် ကိန်းဂဏန်းအချက်အလက်များသည် မြေပြင်အရှိအခြေအနေနှင့် ကွဲလွဲတတ်သည့်အတွက် လုပ်ငန်းစီမံချက်များ လျာထားဆောင်ရွက်ရာတွင် အားနည်းမှုများ ဖြစ်ပေါ်လေ့ရှိသဖြင့် ကြပ်မတ်စိစစ်ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများအနေဖြင့် ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန် လျာထားသည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများ သတ်မှတ်ကာလအတွင်း လုပ်ငန်းများအရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးနိုင်စေရေး ကြီးကြပ်ဆောင်ရွက်သွားရန်လည်း လိုအပ်ကြောင်း။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယခုလာမည့် ဒီဇင်ဘာလ ၂၈ ရက်မှစ၍ အပိုင်း(၃) ပိုင်းဖြင့် ဆောင်ရွက်သွားမည်ကို သိရှိကြပြီးဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ် ထွန်းကားစေရေးအတွက် ယခုအချိန်တွင် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးသည် အရေးကြီးဆုံးကိစ္စရပ်ဖြစ်သည်ကို ပြည်သူလူထုက နားလည်သဘောပေါက်ပြီး လိုလားတက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန်အတွက် သက်ဆိုင်သည့် အဖွဲ့အစည်းများအားလုံးက ဘက်ပေါင်းစုံမှ စည်းရုံးဆောင်ရွက်သွားကြစေလိုကြောင်း။

ယခုအခါ မိမိတို့နိုင်ငံအတွင်း ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်၍ ရလဒ်ကောင်းများဖြစ်ပေါ်စေရေးအတွက်ကိုလည်း တာဝန်ရှိသူအဆင့်ဆင့်တို့မှ မျက်ခြည်မပြတ်စောင့်ကြည့်လျက် လိုအပ်ချက်များကို ချမှတ်ပေးထားသည့် မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ ကြပ်မတ်ထိန်းသိမ်းပေးကြရန်နှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက အမှာစာများအား ရှင်းလင်းဖတ်ကြားကြပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုဝန်ကြီးများ၏ တင်ပြဆွေးနွေးချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## (၄၉)ကြိမ်မြောက် လစဉ်ဗုဒ္ဓဟူးနေ့ စကားဝိုင်းဆွေးနွေးပွဲ "မွေးမြူရေးရေထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရေး"ခေါင်းစဉ်ဖြင့် ဆွေးနွေး





**နေပြည်တော် နိုဝင်ဘာ ၁၉**
(၄၉)ကြိမ်မြောက် လစဉ်ဗုဒ္ဓဟူးနေ့ စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက မြန်မာနိုင်ငံအနေဖြင့် နိုင်ငံပေါင်း ၄၀ ကျော်မှ ဈေးကွက်များသို့ရေထွက်ကုန်ပစ္စည်းတင်ပို့ရောင်းချလျက်ရှိသော်လည်း ထုတ်လုပ်မှုစွမ်းရည်၊ ဈေးကွက်ရရှိမှုနှင့် ကမ္ဘာ့ဈေးကွက်၌ ယှဉ်ပြိုင်နိုင်စွမ်းအား မြှင့်တင်နိုင်ရန် လိုအပ်လျက်ရှိကြောင်း၊ သို့ဖြစ်၍ ရေထွက်ကုန်ပစ္စည်း တင်ပို့မှု ဖွံ့ဖြိုးတိုးတက်လာစေရန် ခေတ်မီနည်းစနစ်များ၊ အရည်အသွေးမြင့် မျိုးကောင်းမျိုးသန့်များ၊ ကျွမ်းကျင်မှုနှင့်ထုတ်လုပ်မှု စွမ်းရည်မြှင့်တင်နိုင်ရေးအပြင် ထုတ်ကုန် အရည်အသွေးနှင့် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး စံချိန်စံညွှန်းများ လိုက်နာ အကောင်အထည်ဖော်ရေး၊ ရရှိထားသော ဈေးကွက်များကို တည်တံ့အောင်ထိန်းသိမ်းပြီး ဈေးကွက်အသစ်များ ရှာဖွေရေးနှင့် ကုန်ကြမ်းတင်ပို့မှုမှ တန်ဖိုးမြှင့် ကုန်ချောထုတ်ကုန်များ တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးဌာနများမှ ပညာရှင်များက "မွေးမြူရေးရေထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရေး" ခေါင်းစဉ်ဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာသူများက သုံးသပ်အကြံပြုဆွေးနွေးကြသည်။

ယနေ့ကျင်းပသည့် (၄၉)ကြိမ်မြောက် လစဉ်ဗုဒ္ဓဟူးနေ့ စကားဝိုင်းဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပညာရှင်များနှင့်သုတေသီများတက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ကိုယ်စားလှယ်များက အွန်လိုင်းမှ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ စက်မှုဖွံ့ဖြိုးတိုးတက်မှုအတွက် စက်မှုသင်တန်းကျောင်းများ၏ အရေးပါမှုနှင့် လူငယ်များ၏ အခွင့်အလမ်း

ကိုချင်း

မြန်မာနိုင်ငံသည် စက်မှုခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်းချက်ထားရှိပြီး ဆောင်ရွက်လျက်ရှိရာယင်းအတွက် မရှိမဖြစ် လိုအပ်သောအချက်မှာ ကျွမ်းကျင်သော လုပ်သားအင်အားစုပင် ဖြစ်ပါသည်။ စက်မှုဝန်ကြီးဌာနလက်အောက်ရှိ စက်မှုသင်တန်းကျောင်းများ (Industrial Training Centers – ITCs) သည် နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရာ နေရာများဖြစ်ပါသည်။



အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)။

စက်မှုဝန်ကြီးဌာနသည် စက်မှုဖွံ့ဖြိုးရေးတွင် ကမ္ဘာ့အဆင့်မီသော ကျွမ်းကျင်မှုလုပ်သားများ မွေးထုတ်နိုင်ရန် ဂျာမနီနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့၏အကူအညီဖြင့် အောက်ပါစက်မှုသင်တန်းကျောင်း ရှစ်ကျောင်းကို ဖွင့်လှစ်ထားရှိပါသည်–

(၁) အမှတ်(၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ)

(၂) အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)

(၃) အမှတ်(၃) စက်မှုသင်တန်းကျောင်း (သာဂရ)

(၄) အမှတ်(၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ)

(၅) အမှတ်(၅) စက်မှုသင်တန်းကျောင်း (မကွေး)

(၆) အမှတ်(၆) စက်မှုသင်တန်းကျောင်း (မြင်းခြံ)

(၇) အမှတ်(၇) စက်မှုသင်တန်းကျောင်း (မုံရွာ)

(၈) အမှတ်(၈) စက်မှုသင်တန်းကျောင်း (သထုံ)

အမှတ်(၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ) တွင် စက်မှုကျွမ်းကျင် နှစ်နှစ်သင်တန်းကို ဖွင့်လှစ်ထားပြီး အခြားသင်တန်းကျောင်း ခုနစ်ကျောင်းတွင် စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းတို့ ဆောင်ရွက်လျက်ရှိသည့်အပြင် ကျွမ်းကျင်မှုအခြေပြု ကာလတိုသုံးလသင်တန်းသင်ကြားပေးခြင်း၊ စက်မှုသင်တန်းကျောင်းများမှ စက်မှုနှင့်အသက်မွေးပညာ ရွေ့လျားသင်တန်းများအား နှစ်ပတ်ကြာဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လိုက်လံဖွင့်လှစ်သင်ကြားပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

စက်မှုကျွမ်းကျင် တစ်နှစ်/ နှစ်နှစ်သင်တန်းများကို KG+12 ပြီးမြောက်သူများ တက်ရောက်နိုင်ပြီး စက်မှုနည်းပညာဘာသာရပ် ၁၆ မျိုးဖြစ်သည့် **စက်ကိရိယာကိုင်တွယ် မောင်းနှင်မှုသင်တန်း (Machine Tools Operator)၊ စက်ရုံပစ္စည်းဖစ်တာသင်တန်း (Machinery Fitter)၊ ကိရိယာနှင့် ပုံနှိပ်ပုံပြုလုပ်သူသင်တန်း (Tools and Die Maker)၊ မော်တော်ယာဉ် စက်ပြင်သင်တန်း (Automobile Mechanic)၊ လျှပ်စစ်ပညာသည်သင်တန်း (Electrician)၊ ပုံသွင်းပုံလောင်းပြုလုပ်မှုသင်တန်း (Pattern Maker)၊ စက်မှုပုံဆွဲသင်တန်း (Mechanical Draughtsman)၊ ကွန်ပျူတာသုံးဒီဇိုင်းထုတ်လုပ်သူသင်တန်း (CAD/CAM)၊ ဂဟေဆက်သင်တန်း (Welder)၊ အီလက်ထရောနစ်ပညာသည်သင်တန်း (Electronics Mechanic)၊ ကွန်ပျူတာသုံးစက်ခုတ်စားမှု စက်ကိရိယာကိုင်တွယ်မောင်းနှင်မှုသင်တန်း (CNC Operator)၊ သံရည်ကျိုသင်တန်း (Foundry Man)၊ သတင်းအချက်အလက်နှင့်နည်းပညာသင်တန်း (Information Technology)၊ ရေခဲသေတ္တာနှင့် လေအေးပေးစက်ပြုပြင်ထိန်းသိမ်းခြင်းသင်တန်း (Refrigeration & Air Conditioning Trade)၊ အဝတ်အထည်ချုပ်လုပ်မှုသင်တန်း (Apparel Manufacturing)၊ ရော်ဘာနည်းပညာသင်တန်း (Rubber Technology)** တို့ကို သင်ကြားပေးလျက်ရှိပြီး စက်မှုဝန်ကြီးဌာန၏ ပညာသင်ထောက်ပံ့ကြေးဖြင့် တက်ရောက်ခွင့်ရရှိရန်လည်း လျှောက်ထားနိုင်သည့် အခွင့်အရေးများရှိပါသည်။

အဆိုပါစက်မှုကျွမ်းကျင် တစ်နှစ်၊ နှစ်နှစ်သင်တန်းကို ကျန်းမာရေးကောင်းမွန်ပြီး စက်မှုဝါသနာပါသူများ လျှောက်ထားနိုင်ပြီး လျှောက်ထားသူများသည် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီသူများဖြစ်ပါက လျှောက်ထားခွင့်ရှိပါသည်–

(က) တက္ကသိုလ်ဝင်တန်း (ဒသမတန်း) သင်ယူ/ဖြေဆိုပြီးသူ (သို့မဟုတ်) စနစ်သစ် ပညာရေး၏ KG+12 သင်ယူပြီးမြောက်သူ ဖြစ်ရမည်။

(ခ) သင်တန်းစတင် ဖွင့်လှစ်သည့်နေ့ရက်တွင် အသက် ၁၆ နှစ်ပြည့်ပြီး ၂၅ နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဂ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသား (ကျား/မ) ဖြစ်ရမည်။

(ဃ) အိမ်ထောင်မရှိသူ (လူပျို/အပျို) ဖြစ်ရမည်။

(င) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

(စ) သင်တန်းမှ ချမှတ်ထားသော ဝန်ခံကတိစည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ပြီး သင်တန်းကိုပြီးဆုံးအောင် တက်ရောက်နိုင်သူ ဖြစ်ရမည်။

**စက်မှုသင်တန်းကျောင်းများသည် မြန်မာနိုင်ငံ၏ စက်မှုပြုပြင်ပြောင်းလဲရေးအတွက် အဓိက မောင်းနှင်အားတစ်ရပ်ပင်ဖြစ်ပြီး ကျွမ်းကျင်သော၊ စည်းကမ်းရှိသော၊ ဆန်းသစ်တီထွင်နိုင်စွမ်းရှိသော နည်းပညာရှင်များကို မွေးထုတ်ပေးခြင်းဖြင့် ပညာရေးနှင့် စီးပွားရေးကဏ္ဍကို ချိတ်ဆက်ပေးကာ နိုင်ငံရေရှည်တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိ**

အထက်ပါအချက်များနှင့် ကိုက်ညီပြီး လျှောက်ထားလိုပါက စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနရှိသင်တန်းကျောင်းများကြီးကြပ်ရေးဌာနသို့လည်းကောင်း၊ သက်ဆိုင်ရာ စက်မှုသင်တန်းကျောင်းများသို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပြီး သင်တန်းဖွင့်လှစ်မည့်အကြောင်းအား နိုင်ငံပိုင်သတင်းစာများ၊ ဝန်ကြီးဌာန Website များတွင် ကြော်ငြာထည့်သွင်းပါသည်။

ကျွမ်းကျင်မှုအခြေပြု ကာလတိုသုံးလသင်တန်းများကို KG+9 ပြီးမြောက်သူများ တက်ရောက်နိုင်ပြီး စက်မှုနည်းပညာဘာသာရပ် လေးမျိုးဖြစ်သည့် **လျှပ်စစ်ဂဟေဆက်သင်တန်း(Metal Arc Welding/ Manual Metal Arc Welding)၊ ဓာတ်ငွေ့ဂဟေဆက်သင်တန်း (Metal Inert Gas / Metal Active Gas)၊ မော်တော်ဆိုင်ကယ်စက်ပြင်သင်တန်း (Motorcycle Mechanic)၊ စိုက်ပျိုးရေးသုံးစက်ပြင်သင်တန်း (Small Farm Engine Mechanic)** တို့ကို သင်ကြားပေးပါသည်။

စက်မှုနှင့်အသက်မွေးပညာ ရွေ့လျားသင်တန်းများကို KG+5 ပြီးမြောက်သူများအား လေ့ကျင့်သင်ကြားပေးလျက်ရှိရာ စက်မှုနည်းပညာဘာသာရပ် လေးမျိုးဖြစ်သည့် **အခြေခံစက်ပြင်သင်တန်း၊ အခြေခံလျှပ်စစ်သင်တန်း၊ အခြေခံဂဟေဆက်သင်တန်း၊ အခြေခံမော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်းသင်တန်း**တို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။ ကျေးလက်နှင့် ဝေးလံသောဒေသများရှိ လူငယ်များပါ အခြေခံကျွမ်းကျင်မှုများ ရရှိစေရန် သင်တန်းကျောင်းများမှ ဆရာများသည် ဒေသအသီးသီးသို့ သွားရောက်၍ နှစ်ပတ်ကြာသင်တန်းများ ပို့ချပေးခြင်းဖြစ်ပါသည်။ ဤသည်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်း လူ့စွမ်းအားဖွံ့ဖြိုးရေးအတွက် အရေးပါသော ခြေလှမ်းတစ်ရပ်ပင် ဖြစ်ပါသည်။

### စက်မှုဖွံ့ဖြိုးရေး၏ အုတ်မြစ်

စက်မှုသင်တန်းကျောင်းများသည် မြန်မာနိုင်ငံ၏ စက်မှုဖွံ့ဖြိုးတိုးတက်မှုအတွက် ခိုင်မာသော အုတ်မြစ်တစ်ရပ်ပင် ဖြစ်ပါသည်။ လျှပ်စစ်၊ စက်ပစ္စည်းများ၊ သံမဏိလုပ်ငန်း၊ ဆောက်လုပ်ရေး စသည့် ကဏ္ဍအသီးသီးအတွက် လိုအပ်သော ကျွမ်းကျင်အလုပ်သမားများကို ဤသင်တန်းကျောင်းများမှတစ်ဆင့် မွေးထုတ်ပေးနေခြင်း ဖြစ်ပါသည်။ လက်တွေ့အသုံးချနည်းပညာများနှင့် ခိုင်မာသော အခြေခံအသိပညာများဖြင့် လူငယ်များအား ပြင်ဆင်သင်ကြားပေးခြင်းဖြင့် စက်ရုံများ၊ စက်မှုဇုန်များ၏ လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။

### လူငယ်များ၏ အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ တိုးတက်စေခြင်း

စက်မှုသင်တန်းကျောင်းများသည် လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများနှင့် အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက်အထောက်အကူပြုနေပါသည်။ ဤသင်တန်းများမှ သင်တန်းဆင်းသူများသည် **သီအိုရီအသိပညာနှင့် လက်တွေ့ကျွမ်းကျင်မှု** ၂ မျိုးလုံးကို ပိုင်ဆိုင်ထားပြီဖြစ်သဖြင့် လုပ်ငန်းခွင်အတွင်း ချက်ချင်းလက်ငင်း ဝင်ရောက်လုပ်ကိုင်နိုင်စွမ်းရှိကြပါသည်။ **အဆင့်မြင့်ပညာရေးအတွက် အခြေအနေအမျိုးမျိုးကြောင့် အခွင့်အရေးမရခဲ့သူများအတွက်မူ ဤသင်တန်းစနစ်သည် ပညာရေးနှင့် အလုပ်အကိုင်တို့အကြားရှိ ချိတ်ဆက်ရာ တံတားကြီးတစ်စင်း** ဖြစ်စေပါသည်။

### စက်မှုလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း

စက်မှုသင်တန်းကျောင်းများသည် လက်တွေ့လုပ်ငန်းခွင် စက်ရုံများနှင့် မိတ်ဖက်ပြု၍ On–the–Job Training (OJT) နှင့် Apprenticeship စနစ်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဤကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများသည် ထုတ်လုပ်မှုစွမ်းအားကို တိုးတက်စေရုံသာမက နည်းပညာအကူးအပြောင်း (Technology Transfer) ကိုပါ အထောက်အကူ ဖြစ်စေပါသည်။ သင်တန်းပြီးဆုံးသူတိုင်းသည် လုပ်ငန်းခွင်သို့ တစ်ပြိုင်နက် ဝင်ရောက်နိုင်သော အဆင်သင့်ဖြစ်သည့် နည်းပညာရှင်များ (Job–ready Technicians) အဖြစ် ရပ်တည်နိုင်ကြပါသည်။

### နိုင်ငံတကာ စံနှုန်းများနှင့် ကိုက်ညီမှု

မြန်မာနိုင်ငံရှိ စက်မှုသင်တန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်းများသည် အမျိုးသားကျွမ်းကျင်မှုစံနှုန်းအဖွဲ့ (NSSA) နှင့် ASEAN အရည်အချင်းအသိအမှတ်ပြုမှု မူဘောင် (ASEAN Qualifications Reference Framework – AQRF) တို့နှင့် ကိုက်ညီအောင် ရေးဆွဲထားပါသည်။ ဂျာမနီနိုင်ငံ၏ နှစ်မျိုးလေ့ကျင့်သင်တန်းစနစ် (Dual Training Model) သီအိုရီ (၃၀ရာခိုင်နှုန်း)နှင့် လက်တွေ့ (၇၀ရာခိုင်နှုန်း) ကို ကျင့်သုံးထားပြီး သီအိုရီနှင့်လက်တွေ့မျှတစွာ သင်ကြားပေးနေပါသည်။ ဤသို့ဖြင့် ဤသင်တန်းကျောင်းများမှ ဘွဲ့ရသူများသည် မြန်မာနိုင်ငံအတွင်း၌ သာမက ASEAN ဒေသအတွင်းရှိ အလုပ်အကိုင်ဈေးကွက်တွင်ပါ အသိအမှတ်ပြုခံရပြီး လွယ်ကူစွာ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်နိုင်ကြပါသည်။

### စက်မှုထူထောင်ရေး အခန်းကဏ္ဍ

မြန်မာနိုင်ငံသည် (၂၀၂၅–၂၀၃၅) ကာလအတွင်း စက်မှုထွန်းကားရေး (Industrial Renaissance)ကို ဦးတည်ဆောင်ရွက်လျက်ရှိရာ နည်းပညာတတ်ကျွမ်း၍ စွမ်းဆောင်ရည်မြင့်မားပြီး ဖန်တီးနိုင်စွမ်းရှိသော ကျွမ်းကျင်ပညာရှင်များ အရေးတကြီး လိုအပ်လျက်ရှိပါသည်။ စက်မှုသင်တန်းကျောင်းများသည် စက်ရုံများ၌ နည်းပညာရှင် (Technician)၊ ကျွမ်းကျင်သူ (Foreman)၊ ကြီးကြပ်ရေးမှူး (Supervisor) စသည့် နေရာစုံအတွက် လေ့ကျင့်မွေးထုတ်ပေးခြင်းဖြင့် ဤကဏ္ဍ၏ အဓိကအခန်းကဏ္ဍမှ

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ပါဝင်နေပါသည်။ ၎င်းတို့သည် ပညာရေး၊ နည်းပညာနှင့် ထုတ်လုပ်မှုကဏ္ဍတို့အကြား အရေးပါသော ဆက်သွယ်ရေးကွန်ရက်တစ်ရပ်အဖြစ် ဆောင်ရွက်ပေးနေပါသည်။

**စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှု**

စက်မှုသင်တန်းကျောင်းမှ လေ့ကျင့်သင်ကြားထားသော ကျွမ်းကျင်လုပ်သား တစ်ဦးသည် ကျွမ်းကျင်မှုမရှိသော လုပ်သားငါးဦး၏ ထုတ်လုပ်မှုပမာဏတန်ဖိုးအား ဖြည့်ဆည်းပေးနိုင်စွမ်းရှိသည်ဟု ခန့်မှန်းကြပါသည်။ ထို့အပြင် သင်တန်းဆင်းပြီး လစာကောင်းမွန်စွာ ရရှိသူများ၏ ဝင်ငွေတိုးတက်မှုသည် မိသားစုအဆင့်နှင့် ဒေသအဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပါသည်။ ဤကဲ့သို့သော ခိုင်မာသည့် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုသည် မြန်မာနိုင်ငံ၏ စက်မှုစီးပွားရေးခိုင်မာတိုးတက်ရေးအတွက် အခြေခံအကျဆုံးသော တန်ဖိုးတစ်ရပ်ပင် ဖြစ်ပါသည်။

စက်မှုသင်တန်းကျောင်းများသည် မြန်မာနိုင်ငံ၏ စက်မှုပြုပြင်ပြောင်းလဲရေးအတွက် အဓိကမောင်းနှင်အားတစ်ရပ်ပင်ဖြစ်ပြီး ကျွမ်းကျင်သော၊ စည်းကမ်းရှိသော၊ ဆန်းသစ်တီထွင်နိုင်စွမ်းရှိသော နည်းပညာရှင်များကို မွေးထုတ်ပေးခြင်းဖြင့် **ပညာရေးနှင့် စီးပွားရေးကဏ္ဍကို ချိတ်ဆက်ပေးကာ** နိုင်ငံ့ရေရှည်တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက် ရှိပါသည်။

**စက်မှုသင်တန်းကျောင်းများ၏ ပညာရေးဒဿန**

စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော စက်မှုသင်တန်းကျောင်းများ (Industrial Training Centres – ITCs) သည် **သီးသန့်ပညာရေးဒဿန**တစ်ရပ်ပေါ်တွင် အခြေခံ၍ လည်ပတ်လျက်ရှိပြီး ဤဒဿနသည် သက်ဆိုင်ရာ စက်မှုလုပ်ငန်းများအတွက် ကျွမ်းကျင်သူများကို မွေးထုတ်ရန် ရည်ရွယ်သည့် **သီပွံနှင့်လက်တွေ့ ပေါင်းစပ်သော အသက်မွေးဝမ်းကျောင်း ပညာရေးစနစ် (Applied TVET System)**ပင် ဖြစ်ပါသည်။

၁။ **လက်တွေ့လုပ်ဆောင်ခြင်းမှတစ်ဆင့် သင်ယူမှု။** စက်မှုသင်တန်းကျောင်းများ၏ ပညာရေးဒဿနသည် John Dewey ၏ **လက်တွေ့ အသုံးချဝါဒ (Pragmatism)** အပေါ် အခြေခံထားပါသည်။ ဤနည်းလမ်းတွင် သင်တန်းသားများသည် **"လုပ်ရင်းနဲ့သင် (Learning by Doing)"** ဆိုပြီး လက်တွေ့လုပ်ဆောင်မှုများမှတစ်ဆင့် အသိပညာများကို သင်ယူကြပါသည်။ စက်မှုလက်တွေ့သင်ခန်းစာများ၊ လက်ငင်းလုပ်ငန်းခွင်များ၊ မျှော်မှန်းထုတ်လုပ်မှုအခြေအနေများ (Simulation) စသည်တို့သည် ဤအယူအဆပင်ဖြစ်ပါသည်။ စမ်းသပ်ခြင်း၊ လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတို့မှတစ်ဆင့်နားလည်မှုများ တိုးတက်လာစေရန် ရည်ရွယ်ပါသည်။

၂။ **ကိုယ်ပိုင်အတွေ့အကြုံမှတစ်ဆင့် အသိပညာတည်ဆောက်ခြင်း။** Piaget နှင့် Vygotsky တို့၏ **တည်ဆောက်ခြင်းဝါဒ (Constructivism)** သည်လည်း ITC ပညာရေးစနစ်၏ အခြေခံအုတ်မြစ်ဖြစ်ပါသည်။ ဤနည်းလမ်းတွင် ဆရာများသည် အကြံပေးသူ (Facilitator) အဖြစ် သင်တန်းသားများကို ကိုယ်တိုင်သိမြင်မှုဖန်တီးရန် လမ်းညွှန်ပေးကြပါသည်။ အဖွဲ့လိုက်လုပ်ဆောင်မှု၊ အုပ်စုလိုက်စဉ်းစားခြင်းနှင့် ပြဿနာဖြေရှင်းခြင်း သင်ခန်းစာများသည် ဤနည်းပညာ၏ အဓိကလက်နက်ကိရိယာများပင် ဖြစ်ကြပါသည်။

၃။ **လေ့ကျင့်ခြင်းနှင့် ထပ်ကာထပ်ကာ လေ့ကျင့်ခြင်း။** B.F. Skinner ၏ **အပြုအမူဝါဒ (Behavioralism)** သည် ITC သင်တန်းများတွင် ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိပါသည်။ လေ့ကျင့်မှု ထပ်ကာတလဲလဲပြုလုပ်ခြင်းနှင့် အလေ့အကျင့်အသစ်ဖော်ဆောင်ခြင်းတို့မှတစ်ဆင့် သင်ယူမှုဖြစ်စေရန် ရည်ရွယ်ပါသည်။ လုပ်ငန်းကျွမ်းကျင်မှုများကို လက်တွေ့ လေ့ကျင့်မှုဖြင့် တိုးတက်လာစေရန် ရည်ရွယ်ပြီး ကျွမ်းကျင်မှုစစ်ဆေးမှတ်တမ်း (Competency checklist)၊ စွမ်းဆောင်ရည် အကဲဖြတ်ခြင်း (performance evaluation) နှင့် လက်တွေ့စမ်းသပ်စစ်ဆေးခြင်း (practical test) များဖြင့် သင်တန်းသား၏ အောင်မြင်မှုကို တိုင်းတာပါသည်။

၄။ **လူသားတစ်ဦး၏ စွမ်းရည်အပြည့်အစုံ ဖွံ့ဖြိုးရေး။** Carl Rogers နှင့် Abraham Maslow တို့၏ **လူသားဗဟိုပြုဝါဒ (Humanism)** သည်လည်း ITC ပညာရေး၏အရေးပါသောကဏ္ဍတစ်ခု ဖြစ်ပါသည်။ သင်တန်းသားတစ်ဦး၏ **စွမ်းရည်နှင့် စိတ်ဓာတ်**တို့ကို အပြည့်အစုံ ဖွံ့ဖြိုးစေရမည်ဟူသော အယူအဆပင် ဖြစ်ပါသည်။ ITC သင်တန်းများတွင် လက်တွေ့ကျွမ်းကျင်မှုအပြင် အဖွဲ့လိုက် ဆောင်ရွက်မှု၊ စည်းကမ်းနှင့် တာဝန်ယူမှု စသည့် Soft Skills များကိုပါ သင်ကြားပေးထားပါသည်။ သင်တန်းသားတိုင်း၏ **ဂုဏ်သိက္ခာနှင့် မျှော်လင့်ချက်**ကို လေးစားခြင်းသည် ဤအယူအဆ၏ အခြေခံ ဖြစ်ပါသည်။

၅။ **အတွေ့အကြုံမှတစ်ဆင့် သင်ယူမှုစက်ဝန်း။** David Kolb ၏ **အတွေ့အကြုံမှတစ်ဆင့် သင်ယူမှု (Experiential Learning)** ပုံစံသည်လည်း ITC ပညာရေးတွင် အရေးပါသောနေရာမှ ပါဝင်နေပြန်ပါသည်။ **အတွေ့အကြုံ → ပြန်လည်သုံးသပ်မှု → နားလည်စွာဖွဲ့စည်းမှု → လက်တွေ့အသုံးချခြင်း** ဟူသော သင်ယူမှုစက်ဝန်းကို အသုံးပြုထားပါသည်။ သင်တန်းသားများသည် Apprenticeship နှင့် On-the-Job Training (OJT)များမှတစ်ဆင့် စက်မှုလုပ်ငန်း၏ စစ်မှန်သော ပတ်ဝန်းကျင်တွင် လေ့လာကြရပါသည်။ **ပြန်လည်သုံးသပ်အစီရင်ခံစာ (Reflection report) နှင့် လက်တွေ့လေ့ကျင့်မှုမှတ်တမ်းစာအုပ် (practice logbook)** များဖြင့် ကိုယ်တိုင်သုံးသပ်နိုင်စေရန် စီစဉ်ပေးထားပါသည်။

၆။ **ပေါင်းစည်းထားသော ITC ပညာရေးမော်ဒယ်။** ITC ပညာရေးမော်ဒယ်သည် အထက်ဖော်ပြပါ ပညာရေးဒဿနအမျိုးမျိုးကို သဟဇာတဖြစ်အောင် ပေါင်းစည်းထားသော ပညာရေးမော်ဒယ်တစ်ခု ဖြစ်ပါသည်။ Pragmatism, Constructivism နှင့် Experiential Learning တို့ကို အခြေခံပြီး Behaviorism ၏ စည်းကမ်းသတ်မှတ်ချက်များနှင့် Humanism ၏ လူ့တန်ဖိုးအခြေခံ အယူအဆများကို ပေါင်းစည်းထားခြင်း ဖြစ်ပါသည်။ ဤပေါင်းစပ်မှုကြောင့်ပင် **ကျွမ်းကျင်မှု၊ သစ္စာရှိမှုနှင့် လက်တွေ့ကျွမ်းကျင်သူ**များကို မွေးထုတ်နိုင်သော စက်မှုသင်တန်းကျောင်းစနစ် ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။

ဤပညာရေးဒဿနသည် စက်မှုသင်တန်းကျောင်းများအား မြန်မာနိုင်ငံ၏ စက်မှုဖွံ့ဖြိုးရေးအတွက် အဓိကကျသော အချက်တစ်ခုအဖြစ် ရပ်တည်စေပြီး **ပညာရေးနှင့် လက်တွေ့လုပ်ငန်းခွင်အကြားရှိ ဟန်ချက်ညီသော ဆက်သွယ်မှုတစ်ခု** ဖြစ်လာစေပါသည်။



Air conditioning & Refrigeration Mechanic Course မှ သင်တန်းသား သင်တန်းသူများ လက်တွေ့ သင်ကြားရေး လုပ်ဆောင်နေကြစဉ်။

**စက်မှုဝန်ကြီးဌာန၏ ITC ပညာရေး တိုးတက်စေရေး ဆောင်ရွက်နေမှုများ**

မြန်မာနိုင်ငံ၏ စက်မှုစွမ်းအားကို မြှင့်တင်ရန်အတွက် စက်မှုဝန်ကြီးဌာနသည် **"ကျွမ်းကျင်သူများမွေးထုတ်ခြင်း၊ လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှင့် ထုတ်လုပ်မှုဆောင်ရွက်နိုင်သော လူ့စွမ်းအားဖွံ့ဖြိုးရေး"** ဟူသော ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရာတွင် စက်မှုသင်တန်းကျောင်း (ITC) များသည် ဗဟိုအချက်အချာကျသော ပလက်ဖောင်းများအဖြစ် ရပ်တည်နေပါသည်။ ITC များ၏ အောင်မြင်မှုသည် ၎င်းတို့၏ ခိုင်မာပြတ်သားသော ပညာရေးဒဿနအပေါ် အခြေခံထားပြီး ဤဒဿနသည် လက်တွေ့ဘဝနှင့် စက်မှုလောက၏ တိကျသော လိုအပ်ချက်များကို ထင်ဟပ်စေသည့် မဟာဗျူဟာမြောက် ချဉ်းကပ်နည်းတစ်ရပ်ပင် ဖြစ်ပါသည်။

၁။ **စွမ်းဆောင်ရည်အခြေပြု ပညာရေး (Competency-Based Education – CBE)။** ITC သင်တန်းများ၏အုတ်မြစ်သည် **"စွမ်းဆောင်ရည်အခြေပြုပညာရေး"** အပေါ်တွင် တည်ဆောက်ထားပြီး သင်တန်းသားတစ်ဦး **"သိမြင်သည့်အရာ (Knowledge)"**ထက် ၎င်းတို့ **"လုပ်ဆောင်နိုင်သည့်အရာ (What a learner can do)"** ကို ပိုမိုအလေးပေးထားပါသည်။ ရလဒ်အနေဖြင့် သင်တန်းအောင်မြင်မှုကို **စာမေးပွဲအမှတ်များနှင့်သာ တိုင်းတာခြင်းမဟုတ်ဘဲ လက်တွေ့လုပ်ငန်းခွင်တွင် လိုအပ်သော ကျွမ်းကျင်မှုများကို စနစ်တကျ ကျွမ်းကျင်စွာလုပ်ကိုင်နိုင်ခြင်း ရှိ/မရှိ** ဖြင့် အဓိကတိုင်းတာပါသည်။ ဤစနစ်သည် **"အတတ်ပညာရှိသူ (Competent Worker)"** များကိုသာ မွေးထုတ်ပေးရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။

၂။ **နှစ်မျိုးလေ့ကျင့်သင်တန်းစနစ် (Dual Training Model – 30% Theory & 70% Practical)။** ITC များ၏ ထူးခြားသော သင်ကြားရေးနည်းဗျူဟာမှာ **ဂျာမနီ၏ ကမ္ဘာကျော်နှစ်မျိုးလေ့ကျင့်သင်တန်းစနစ် (German Dual System)** ကို **မြန်မာ့အခြေအနေနှင့် လိုက်လျောညီထွေရှိစွာ အကောင်အထည်ဖော်ထားခြင်း**ပင် ဖြစ်ပါသည်။ ဤစနစ်သည် သင်ရိုးညွှန်းတမ်းကို **သီအိုရီ ၃၀ ရာခိုင်နှုန်းနှင့် လက်တွေ့ ၇၀ ရာခိုင်နှုန်း** ဟူ၍ မျှတအောင် စီမံဆောင်ရွက်ထားခြင်းဖြစ်ပါသည်။ ၃၀ ရာခိုင်နှုန်းသီအိုရီတွင် နည်းပညာဆိုင်ရာ အခြေခံမှုများ၊ ပုံဆွဲပညာ၊ လုံခြုံရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာများပါဝင်ပြီး ၇၀ ရာခိုင်နှုန်း လက်တွေ့တွင် စက်ရုံများနှင့် အလုပ်သင်စက်ခန်းများအတွင်း စစ်မှန်သောကိရိယာများ၊ စက်ပစ္စည်းများဖြင့် လက်တွေ့လုပ်ဆောင်ခွင့် ရရှိပါသည်။ ဤသို့ မျှမျှတတ ခွဲဝေထားသော သင်ကြားမှုသည် သင်တန်းသားများအား စာတွေ့သာမက လက်တွေ့ပါ လုပ်ကိုင်နိုင်စွမ်းရှိသည့် နည်းပညာရှင်များအဖြစ် ပြုစုပျိုးထောင်ပေးနိုင်ခြင်း၏ အရေးကြီးဆုံးအချက်ပင် ဖြစ်ပါသည်။

၃။ **တစ်သက်တာသင်ယူမှုနှင့် လုပ်ငန်းခွင်အဆင်သင့်ဖြစ်မှု။** ITC များ၏ ရည်မှန်းချက်မှာ သင်တန်းပြီးသည်နှင့် ချက်ချင်းအလုပ်ခွင်ဝင်နိုင်သော **"လုပ်ငန်းခွင်သုံး ပညာတတ်များ (Employable Graduates)"** ကို မွေးထုတ်ပေးရန် ဖြစ်ပါသည်။ ထို့ကြောင့် သင်ကြားမှုသည် ခေတ်အမီဆုံး နည်းပညာများကို သင်ကြားပေးရုံသာမက တစ်သက်တာလုံး အမြဲအသုံးဝင်မည့် နည်းပညာ၊ အသိပညာ၏ အနှစ်သာရများ (Lifelong Technical & Knowledge Values) ကို သင်ကြားပေးပါသည်။ သင်တန်းဆင်းပြီးသူများသည် လုပ်ငန်းခွင်တွင် Level-1 (အခြေခံ နည်းပညာရှင်) မှ Level-7 (စီမံခန့်ခွဲသူ/အင်ဂျင်နီယာ)အထိ မိမိ၏ စွမ်းဆောင်ရည်အလိုက် အဆင့်ဆင့် တိုးတက်သွားနိုင်သော လမ်းကြောင်းများ ရှိပါသည်။

၄။ **ပညာရပ်နှင့်လူမှုရေးစွမ်းရည်ပေါင်းစပ်ခြင်း။** ITC များသည် နည်းပညာပိုင်းဆိုင်ရာ စွမ်းရည်များကိုသာ အလေးပေးသည်မဟုတ် ခေတ်မီစက်မှုလုပ်ငန်းတွင် အလွန်အရေးပါသော စွမ်းရည်များဖြစ်သည့် Soft Skills နှင့် လုပ်ငန်းခွင်ကျင့်ဝတ် (Work Ethics) များကိုပါ ပေါင်းစပ်သင်ကြားပေးပါသည်။ ၎င်းတို့တွင် လုပ်ငန်းခွင်စည်းကမ်း (Professional Discipline)၊ အဖွဲ့လိုက်လုပ်ဆောင်တတ်မှု (Teamwork)၊ အချိန်စီမံခန့်ခွဲမှု (Time Management)၊ တာဝန်ယူမှုနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အလေ့အထများ (Responsibility & Safety Culture)၊ စက်မှုလုပ်ငန်းဆိုင်ရာကျင့်ဝတ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိစိတ်ဓာတ် (Industrial Ethics & Environmental Awareness)၊ အဆက်မပြတ် မိမိကိုယ်ကိုမြှင့်တင်သည့် စိတ်ဓာတ် (Continuous Improvement Mindset) တို့ ပါဝင်ပါသည်။

၅။ **စက်မှုလုပ်ငန်းများနှင့် မိတ်ဖက်ပြုခြင်း။** ITC သင်တန်းများ၏ ထိရောက်မှုသည် စက်မှုလုပ်ငန်းများနှင့် တိုက်ရိုက်ချိတ်ဆက်ထားမှု (Industry Linkage)အပေါ် အဓိကမှီခိုနေပါသည်။ ဤချိတ်ဆက်မှုကို အလုပ်သင်စနစ် (Apprenticeship)၊ အလုပ်ခွင်အတွေ့အကြုံ (Internship) နှင့် အလုပ်တွင် လေ့ကျင့်သင်ကြားခြင်း (On-the-Job Training – OJT)တို့နှင့် စနစ်တကျ ချိတ်ဆက်ဆောင်ရွက်ခြင်း၊ သင်ရိုးညွှန်းတမ်း (Curriculum) များကို အမျိုးသားကျွမ်းကျင်မှုစံနှုန်းအဖွဲ့၏ စံနှုန်းများ (NSSA Standards) နှင့် စက်မှုဝန်ကြီးဌာန၏ လက်တွေ့လိုအပ်ချက်များ (MOI Industrial Demand) နှင့် အဆက်မပြတ် ညှိနှိုင်းပြင်ဆင်ခြင်း နည်းလမ်းများဖြင့် အကောင်အထည်ဖော်ထားပါသည်။

၆။ **ဆရာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးအာမခံခြင်း။** အရည်အသွေးရှိသော သင်ကြားမှုကို ထိန်းသိမ်းရန်အတွက် ITC များသည် **"ဆရာများ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်"** (Instructor Development Program) ကို အဓိကထားဆောင်ရွက်နေပါသည်။ ဤအစီအစဉ်များတွင် ဆရာများ၏ သင်ကြားပြသမှုပညာ (Pedagogy)၊ သင်ရိုးညွှန်းတမ်းဒီဇိုင်းရေးဆွဲမှု (Curriculum Design)၊ စက်မှုလိုအပ်ချက်အပေါ် အကဲဖြတ်နိုင်စွမ်း (Industrial Assessment Skill) စသည့် စွမ်းရည်များကို မြှင့်တင်ပေးပါသည်။ ထို့အပြင် အရည်အသွေး ထိန်းချုပ်ရေးနှင့် အာမခံမှုစနစ် (QA/QC System) ဖြင့် သင်ကြားမှု၏ အရည်အသွေးကို အဆက်မပြတ်စောင့်ကြည့် တိုင်းတာပြီး မြှင့်တင်ပေးလျက်ရှိပါသည်။

**အခွင့်အရေးများ မဆုံးရှုံးရလေအောင်**

ITC များအနေဖြင့် **"အမြဲတမ်းလေ့လာမှုနှင့် တိုးတက်ပြင်ဆင်မှုများ အစဉ်တစိုက် ဆက်လက်လုပ်ဆောင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ စက်မှုပြန်လည်ဖွံ့ဖြိုးရေးအတွက် ထူးချွန်တက်ကြွပြီး သစ္စာရှိသော နည်းပညာကျွမ်းကျင်သူများကို မွေးထုတ်နိုင်ရန် (To produce skilled, ethical, and innovative technicians who can contribute to Myanmar's industrial renaissance through lifelong learning and continuous improvement.)"** ဟူ၍ ရည်မှန်းချက်ထားကာ ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် **လူငယ်များ၊ အဆင့်မြင့်ပညာရေးနှင့် အကြောင်းအမျိုးမျိုးကြောင့် လွဲခဲ့ရသူများအတွက် အခွင့်အရေးများ မဆုံးရှုံးရလေအောင် ITC ၌ အခွင့်အလမ်းများ ထပ်မံရှိနေပါသေးကြောင်း** အသိပေး တင်ပြအပ်ပါသည်။ ။





KNU အကြမ်းဖက်အဖွဲ့နှင့် Tran-Asia International Holding Group (Thailand) ကုမ္ပဏီနှင့် မုလအိအလင်းကုမ္ပဏီတို့ ချုပ်ဆိုခဲ့သည့် စာချုပ်အားတွေ့မြင်ရစဉ်။

❂ *ကျော့ဖုံးမှ*

တည်ဆောက်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ ရပ်တန့်ထားသည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းသို့ နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းမှ စ၍လည်းကောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များဖြင့် ဝင်ရောက်ရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ဖော်ထုတ်ဖမ်းဆီးရမိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ကြသူများကို လိုအပ်သည့်စိစစ်မှုများ ဆောင်ရွက်၍ သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးခြင်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ယင်းဒေသတွင် လုံးဝပြန်လည်အခြေမချနိုင်စေရေး၊ ဒုစရိုက်လုပ်ငန်းများ ထပ်မံ မလုပ်ဆောင်နိုင်စေရေးအတွက် ယင်းဒေသတွင် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသည့် အဆောက်အအုံ များကိုလည်း အပြီးတိုင် ဖျက်ဆီးဖြိုချမှုများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ရာတွင် ယာဉ်ယန္တရားများဖြင့် စနစ်တကျ ဖြိုချဖျက်ဆီးခြင်း၊ အဆင့်မြင့်နည်းပညာသုံး ဖောက်ခွဲဖျက်ဆီးခြင်း နည်းပညာများ အသုံးပြု၍ စနစ်တကျဖောက်ခွဲဖျက်ဆီးခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ယနေ့ ညနေ ၆ နာရီအထိ မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုလျက်ရှိသည့် အဆောက်အအုံများ ၆၃၅ လုံးရှိသည့်အနက် အလုံး ၁၇၀ ကို ဖြိုချဖျက်ဆီးပြီးစီးပြီဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသည့်အဆောက်အအုံ ၄၆၅ လုံးကို ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို ယမန်နေ့မှစ၍ စတင်ဆောင်ရွက်လျက်ရှိပြီး ယနေ့ဒုတိယနေ့အဖြစ်ရှင်းလင်းမှုများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ညနေ ၆ နာရီအထိ ခွင့်ပြုချက်



ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားကျူးလွန်ရာတွင် အသုံးပြုလျက်ရှိသည့် ကွန်ပျူတာများအား သိမ်းဆည်းရမိစဉ်။

မရှိဘဲ ဆောက်လုပ်ထားသည့် အဆောက်အအုံ ၁၃ လုံးအတွင်းမှ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက် နေထိုင်လျက်ရှိသည့် တရုတ်နိုင်ငံသား ၁၈၄ ဦး၊ မလေးရှားနိုင်ငံသား သုံးဦး၊ ဖိလစ်ပိုင်နိုင်ငံသား ၁၄ ဦး၊ နီပေါနိုင်ငံသား နှစ်ဦး၊ ထိုင်းနိုင်ငံသား ခြောက်ဦး၊ ဗီယက်နမ်နိုင်ငံသား ခုနစ်ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား တစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ၄၈ ဦး စုစုပေါင်း ၂၆၅ ဦးနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၂၃၃၉ လုံး၊ မိုဘိုင်းဖုန်း အလုံး ၂၉၅၀ နှင့်လုပ်ငန်းသုံးပစ္စည်း အများအပြားကို စိစစ်တွေ့ရှိဖမ်းဆီးရမိခဲ့သည်။ သို့ဖြစ်၍ ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်း ဖော်ထုတ်ရှင်းလင်းမှုများ အရ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် စိစစ်ဆဲနိုင်ငံခြားသား ၆၁၁ ဦးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၂၆၅၃ လုံး၊ မိုဘိုင်းဖုန်း အလုံး ၁၉၆၅၀ နှင့် လုပ်ငန်းသုံးပစ္စည်း အများအပြားကို စိစစ်တွေ့ရှိဖမ်းဆီးရရှိခဲ့ပြီး ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝင်းရှိ အဆောက်အအုံ၌ထိန်းသိမ်းထားရှိပြီး တရားမဝင်ပြည်ပနိုင်ငံသား စစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ပြည်ပနိုင်ငံသား ၂၀၀ ကို စစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားကျူးလွန်ရာတွင် အသုံးပြုလျက်ရှိသည့် မိုဘိုင်းဖုန်းများအား သိမ်းဆည်းရမိစဉ်။



ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ တရားမဝင် ဝင်ရောက်လာသူများအား စိစစ်ဖော်ထုတ်ဖမ်းဆီးရရှိစဉ်။

# လနတ်တော်နှင့် စာပေခြုံလွှာ

## တာမိုးညဲ သီဟလွင်၊ တင်အောင်ထွန်း(သုတေသန)

**ဂမုန်းအင်နှင့်၊ သဇင်ပွင့်ပေါ် လနတ်တော်ကား၊ ပူဇော်ကြီးစွာ မင်းဆရာတို့၊ မဟာပိန္နဲ ရွှေလဲကြည်ငင်–** အင်းဝခေတ် လူးတားစာဆို ဦးအောင်ကြီး၏ ဆယ့်နှစ်လရာသီဘွဲ့ လူးတားတွင်ပါရှိသော နတ်တော်လဘွဲ့ပါ စာသားဖြစ်ပါသည်။ နတ်တော်လ သာယာပုံတွင် ရာသီပန်းနှင့် နတ်တော်လ၏ မဟာပိန္နဲ နတ်ပူဇော်ပွဲအကြောင်း ဖော်ပြထားပါသည်။

ပုဂံခေတ်ကျောက်စာများ၌ နတ်တော်လကို **“နတ္တာဝ်”** ဟုလည်းကောင်း၊ **“နတ်တာဝ်”** ဟုလည်းကောင်း တွေ့ရှိရသဖြင့် နတ်တော်လသည် ပုဂံခေတ်ကပင် အခေါ်အဝေါ်နှင့် အသံထွက် အနည်းအကျဉ်းသာ ပြောင်းလဲခဲ့သည်ဟု ဆိုရပါမည်။

နက္ခတ်ဗေဒင် အခေါ်အားဖြင့် နတ်တော်လသည် ဓနုရာသီဟုလည်း ခေါ်ဝေါ်သဖြင့် လေးကို စွဲကိုင်ထားသော ယောကျ်ားရုပ်ဖြစ်၍ လေးသမား ယောကျ်ားတို့ နှစ်သက်သော ရာသီဟူ၍ အဓိပ္ပာယ်ဖွင့်ကြ၏။

နတ်တော်လ၌ **“နတ်”** ဟူသော ဝေါဟာရကို ပါဠိဘာသာအခြေခံဖြင့် ယူဆသော် ပါဠိဘာသာ **“နာထ”**ပုဒ်ကို အခြေခံလျက် **(နာထ = နာထ် = နတ်)** ဟု အရေးအသားအဆင့်ဆင့် ပြောင်းလဲခဲ့ပြီး လူအများတို့၏ ကိုးကွယ်ရာ အားထားရာ အဓိပ္ပာယ်ကို ယူဆပါသည်။ **“တော်”**မှာမူ မြန်မာစကား အကြီးအမှူး၊ အရှင်သခင်အဓိပ္ပာယ်နှင့် တွဲစပ်လျက် နတ်တော်လသည် ကိုးကွယ်ဆည်းကပ်ရာ နတ်တို့အား ပူဇော်သောလဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြပါသည်။ ကမ္ဘာဦးက မဟာပိန္နဲနတ် ကိုးကွယ်မှုလမ်းကြောင်းကိုရယူ၍ မြန်မာနိုင်ငံတွင် ပုဂံခေတ်သေလည်ကြောင်မင်း လက်ထက် မင်းမဟာဂီရိနတ်မောင်နှမ ကိုးကွယ်မှုစတင်ခဲ့ပြီး မင်းအဆက်ဆက်တို့သည် နတ်တော်လတွင် မဟာဂီရိနတ်ပူဇော်ပွဲကို ပုပ္ပားတောင်တွင် ကျင်းပခဲ့ကြပါသည်။

တလုတ်မြို့စား သန်ယာစပ်ဆိုသည့် မဟာဥပရာဇ်အေးချင်းတွင် **“ဒွါဒသရဲ၊ ဆယ်နှစ်လဝယ်၊ ဒေဝနတ်များ၊ ပျော်ပါးကဲဆဲ၊ လွန်ရွှင်ပြ၍၊ နတ်လတွင်ရှင့်”** ဟုလည်း နတ်များ ပျော်ရွှင်မြူးတူးကြသည့် လအဓိပ္ပာယ်ဖွင့်ဆိုကာ မူလက (နတ်ပျော်လ)မှ ကာလရွေ့လျောသောအခါ (နတ်တော်လ) ဖြစ်ခဲ့သည်ဟု ပညာရှင်အချို့က ဆိုကြပါသေးသည်။

ပါဠိပညာရှင်တို့ကလည်း တတ်သည့်ပညာမနေသာကြဘဲ ဝိဂြိုဟ်ခင်း၍ အဓိပ္ပာယ်လင်းကြပြန်ပါသည်။ **ပကာရေန သီတလဘာဝေန နတော အဝနတော ဝပုကာယော ဧတ္ထာတိ နတော–** ဟူ၏။ **ပကာရေန** – အပြားအားဖြင့်၊ **သီတလဘာဝေန** – ချမ်းအေးသည်၏ အဖြစ်ကြောင့်၊ **နတော အဝနတော–** အလွန်ကွေးတွန့်သော၊ **ဝပုကာယော–** ကိုသည်၊ **ဧတ္ထ**–ဤလ၌၊ **အတ္ထိ**–ရှိ၏၊ **ဣတိ တသ္မာ**–ထို့ကြောင့်၊ **နတော**– နတောမည်၏။ ခန္ဓာကိုယ်ကွေးနေအောင် ချမ်းအေးသောလ–ဟု အဓိပ္ပာယ်တစ်နည်းကြံ၍ ဖွင့်ဆိုခြင်းဖြစ်ပါသည်။ ထိုအဓိပ္ပာယ်အရ ပါဠိ **“နတော”** မှ နောင်သော် **“နတော်–နတ်တော်”** ပြောင်းခဲ့သောဟူပေ၏။

> **ယနေ့ခေတ်အခါတွင် နတ်တော်လကို နတ်ပွဲကျင်းပသည့် နတ်ပူဇော်ပွဲအစား စာဆိုတော်ပွဲကာသာ တစ်ခေတ်ဆန်းနေပဟု ဆိုရပါမည်။ ဆောင်းဦးရာသီ အေးစပြုနေသော ညအခါတွင် နားနားနေနေဖြင့် ကြည့်ချင်ပွဲ၊ နားထောင်ပွဲများအနေဖြင့် စာရေးဆရာများက စာဖတ်ပရိသတ်နှင့် တွေ့ဆုံဟောပြောကြခြင်း၊ ဓမ္မကထိကဆရာတော်များကလည်း ညတရားပွဲဟောကြားခြင်း အလေ့အထတို့က တစ်နှစ်ထက်တစ်နှစ် ရေပန်းစားလာသည်ကို တွေ့ရနိုင်ပါသည်**

မြန်မာတို့သည် ထေရဝါဒဗုဒ္ဓသာသနာ၏ ရေသောက်မြစ်ဖြစ်သော ပိဋကကျမ်းစာ သင်ကြားပို့ချမှု၌ အားကောင်းခဲ့သည့်အလျောက် တန္တရ, မန္တရအတတ်ပညာ ဗေဒင်ဟူးရား အတတ်ပညာတို့ နောက်သို့ တမ်းတမ်းစွဲလိုက်ပါမှုနည်းကြပါသည်။ ကျမ်းဂန်တတ် မထေရ်မြတ်တို့က ကံ, ကံ၏ အကျိုး၊ ဘဝသံသရာနှင့် ဘဝသံသရာမှ လွတ်မြောက်ရာ မဂ္ဂင်ရှစ်ပါးလမ်းစဉ်ကို ဟောကြားမှု သွန်သင်မှုတို့အပြင် ဝိပဿနာတရား အားထုတ်မှုကိုပါ လက်တွေ့ပြသပေးလျက်ရှိကြပါသည်။ နတ်ကိုးကွယ်မှုကဲ့သို့ အယူအဆများမှာ ကိုးကွယ်မှုမပျက် ရှိသေးသော်လည်း ထေရဝါဒဗုဒ္ဓဘာသာ အဆုံးအမများကြောင့် ရှေ့တန်းသို့ မရောက်ရှိကြပါ။ ထို့ကြောင့် နတ်တော်လတွင် နတ်ပူဇော်ပသမှု မဟာဂီရိနတ်ပူဇော်မှုနှင့် တောင်ပြုံးမင်းညီနောင် ပူဇော်မှု၊ ပုပ္ပားမယ်တော်ပူဇော်မှု စသည်တို့မှာ တစ်ဖက်စွန်း ရောက်လာအောင်ထိ မရောက်ရှိဘဲ အရပ်ဒေသဓလေ့ပွဲအဆင့်သာ ရှိကြတော့လေသည်။

**စာဆိုတော်ပွဲတစ်ခေတ်ဆန်းနေ**

ယနေ့ခေတ်အခါတွင် နတ်တော်လကို နတ်ပွဲကျင်းပသည့် နတ်ပူဇော်ပွဲအစား စာဆိုတော်ပွဲကသာ တစ်ခေတ်ဆန်းနေဟု ဆိုရပါမည်။ ဆောင်းဦးရာသီ အေးစပြုနေသော ညအခါတွင် နားနားနေနေဖြင့် ကြည့်ချင်ပွဲ၊ နားထောင်ပွဲများအနေဖြင့် စာရေးဆရာများက စာဖတ်ပရိသတ်နှင့် တွေ့ဆုံဟောပြောကြခြင်း၊ ဓမ္မကထိကဆရာတော်များကလည်း ညတရားပွဲဟောကြားခြင်း အလေ့အထတို့က တစ်နှစ်ထက် တစ်နှစ် ရေပန်းစားလာသည်ကို တွေ့ရနိုင်ပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ ၁၉၄၄ ခုနှစ်ဝန်းကျင်၊ ဂျပန်ခေတ်က မြန်မာစာရေးဆရာကြီးများ စုဝေးမိကြပြီး အင်္ဂလန်တွင် ပြဇာတ်စာရေးဆရာကြီး ရှိတ်စပီးယား၏ မွေးနေ့ပွဲ စုပေါင်းကျင်းပကြသလို မြန်မာတွင်လည်း ပြဇာတ်စာရေး ဆရာကြီး ဦးပုည မွေးနေ့ပွဲ ကျင်းပလျှင် ကောင်းမည်ဟု ဆွေးနွေးကြရင်းမှ ဦးပုညမွေးနေ့ဖြစ်သော ၁၃၀၆ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်နေ့တွင် **“ဦးပုညနေ့”** ဟောပြောပွဲ ကျင်းပဖြစ်ခဲ့လေသည်။

ဦးပုညမွေးနေ့ကို မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ကျင်းပရန် မြန်မာ့အလင်း သတင်းစာ၌ နှိုးဆော်စာထည့်သွင်း၍ လှုံ့ဆော်ဆောင်ရွက်ခဲ့ပါသည်။ သို့သော်လည်း ထိုအချိန်က ဂျပန်ခေတ်အတွင်း စစ်ဘေးဒဏ်ဖြင့် တိမ်းရှောင်နေကြရချိန်ဖြစ်၍ မြန်မာနိုင်ငံတော် ပညာတံခွန်အသင်းအောက်ရှိ အဘိဓာန်ကျမ်းပြုဌာနနှင့် ပညာစွယ်စုံကျမ်းပြုဌာန ပညာရှင်များသည် ကွမ်းခြံကုန်းမြို့သို့ ရောက်ရှိနေကြသဖြင့် ထိုအဖွဲ့က **“ဦးပုညမွေးနေ့”**ပွဲကို ဦးစီးကျင်းပခဲ့ကြပါသည်။ ထိုအခမ်းအနားတွင် စာပေပညာရှင် ဆရာကြီး ဦးမာဃက သဘာပတိအဖြစ် ဆောင်ရွက်၍ ဆရာကြီးဦးပုည၏ အတ္ထုပ္ပတ္တိ ဖတ်ကြားခြင်း၊ ဦးပုည၏ စာအရည်အသွေးကို ချီးကျူးဂုဏ်ပြုခြင်း၊ **စလေဆရာ–အကြေအညာ–ကဝေကဗျာ** အစချီရတုပိုဒ်စုံ ဖတ်ကြားခြင်းတို့ဖြင့် ဦးပုညမွေးနေ့ပွဲကို အကျဉ်းရုံး၍ ဂါရဝပြုခဲ့ကြပါသည်။

ဦးပုညမွေးနေ့ပွဲ မြန်မာစာပေလှုပ်ရှားမှုတစ်ခုကျင်းပခြင်းကို အစပြုလျက် မြန်မာစာဆိုတော်များ အားလုံးကို ခြုံမိစေသော စာဆိုတော်နေ့အကြောင်းကိုပါ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးလာခဲ့ကြပါသည်။ မြန်မာမင်းများလက်ထက်က နတ်တော်လတွင် စစ်ဘက်၊ စာပေဘက်တို့မှ ထူးချွန်သူများကိုဘွဲ့ထူးဂုဏ်ထူး ချီးမြှင့်သည်ကိုလည်း ထည့်သွင်းစဉ်းစားခဲ့ကြပါသည်။ စာရေးဆရာကြီးများက အကြိမ်ကြိမ်စဉ်းဝေး၍ အညီအညွတ် ဆုံးဖြတ်ခဲ့ကြပြီးသော် နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

**“စာဆိုတော်နေ့”စတင်ပေါ်ပေါက်**

ယင်းဆုံးဖြတ်ချက်အရ ၁၃၀၆ ခုနှစ်၊ ကဆုန်လဆုတ် ၂ ရက် (၈–၅–၁၉၄၄) တနင်္လာနေ့၊ ညနေ ၃ နာရီအချိန် ပညာကျန်းမာစည်ပင်သာယာရေးဌာနဝန်ကြီးရုံး၏ရုံးခန်း၌ ကျင်းပပြုလုပ်သော အစည်းအဝေးက ဆရာကြီးသခင်ကိုယ်တော်မှိုင်းဦးဆောင်သော ခြောက်ဦးပါ အမှုဆောင်နာယကအဖွဲ့နှင့် ပညာတံခွန်အသင်းမှ ဦးတင်၊ အစိုးရဝါဒဖြန့်ဖြူးရေးဌာနမှ ဦးဘညွန့်၊ ဗမာ့ဝန်ထမ်းဌာနခွဲမှ မြို့မဆရာဟိန်၊ ပညာရေးဌာနခွဲမှ ဦးကောင်း စသည်တို့ ပါဝင်သည့် ၁၅ ဦးပါ အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ကြပါသည်။ ထိုအစည်းအဝေးကြီးက ဖွဲ့စည်းပေးသည့် နာယကအဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ ဦးဆောင်မှုဖြင့် အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရာ ခွင့်ပြုချက်ရရှိပြီး နတ်တော်လဆန်း ၁ ရက်နေ့သည် **“စာဆိုတော်နေ့”**ဟူ၍ စတင်ပေါ်ပေါက်ခဲ့ပါသည်။

စာပေအသိုက်အဝန်း ဟူ၍ ကျယ်ကျယ်ပြန့်ပြန့် မဖြစ်ပေါ်မီ ရှေးရှေးမြန်မာဘုရင်များခေတ်အခါက စာပေ၊ ကဗျာ၊ လင်္ကာတို့သည် ထီးသုံးနန်းသုံးဖြစ်ခဲ့ပါသည်။ ရှင်ဘုရင်၊ မိဖုရား၊ သားတော်၊ သမီးတော်၊ စစ်သူကြီး စသူတို့၏ လက်ရုံးရည်၊ နှလုံးရည်ဂုဏ်ကို ဖွင့်ဖော်ဖွဲ့နွဲ့၍ ချီးပင့်ရွတ်ဆိုကြရသူတို့အား စာဆိုတော်ဟု ခေါ်ဆိုကြ၏။ နန်းတော်ဘွဲ့၊ တောဘွဲ့၊ တောင်ဘွဲ့ စသည့် ပျို့ကဗျာလင်္ကာတို့ကိုလည်း ဖွဲ့နွဲ့ရွတ်ဆို၍ ရသပညာဂုဏ်ကို ပြသကြရပါသည်။ ထိုသို့ စာပေနယ် အစပြုရာ ခေတ်တွင် ချီးမြှောက်ဂုဏ်ဖော်ခဲ့ရသော စာပေပညာရှင်တို့၏ အမည်ဝေါဟာရကို ဂုဏ်ပြုသောအားဖြင့် လည်းကောင်း၊ စာဆိုတော်တို့အား ဂုဏ်ပြုသောနေ့ကို **“စာဆိုတော်နေ့”**ဟူ၍ လည်းကောင်း အဓိပ္ပာယ်ပေါ်လွင်စေခဲ့ကြပါသည်။ ပါဠိ အဘိဓာန်တို့၌ ထုတိပါဌက၊ ဝန္ဒီ စသည်ဖြင့် **“စာဆိုတော်”**၏ အဓိပ္ပာယ်ကို ဖွင့်ဆိုကြသည်နှင့်လည်း အညီအညွတ်ဖြစ်ပါသည်။

ပထမအကြိမ် စာဆိုတော်နေ့ပွဲ အခမ်းအနားကို ၁၃၀၆ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်နေ့ (၁၅–၁၁–၁၉၄၄)ရက်နေ့ညနေပိုင်းတွင် ကန်တော်ကြီးစောင်းရှိ မြိုင်ပြဇာတ်ရုံ၌ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ မြိုင်ပြဇာတ်ရုံ၌ ကျင်းပသော စာဆိုတော်နေ့အခမ်းအနားသို့ စာပေဝါသနာရှင်များ၊ စာပေပညာရှင်များနှင့် ပညာရေးဌာနမှ ဆရာများ တက်ရောက်ကြပြီး ရှေးစာဆိုကြီးများ၏ ပြောင်မြောက်သော အရေးအသားအဖွဲ့အနွဲ့များကို ထုတ်နုတ်ရွတ်ဆိုဂုဏ်ပြုခဲ့ကြပါသည်။ ထိုအခမ်းအနားထက်စောစော၍ ညနေ ၃ နာရီအချိန်တွင် ရွှေဂုံတိုင်လမ်းကုန်းမြင့်ပေါ်ရှိ ဒဂုံခင်ခင်လေး စာအုပ်တိုက်ရှေ့မြက်ခင်း၌ ရန်ကုန်စာရေးဆရာနှင့် မန္တလေးစာရေးဆရာတို့ မိတ်ဆုံဟောပြောပွဲကိုလည်း ကျင်းပပြုလုပ်ခဲ့ပါသေးသည်။

**စာပေဆု၊ စာမူဆုပေးအပ်ပွဲ**

ပထမအကြိမ် စာဆိုတော်နေ့ အောင်မြင်မှုသည် မြန်မာနိုင်ငံစာပေလောကကြီးကို တစ်ခေတ်ဆန်းစေခဲ့ပါသည်။ စာပေလှုပ်ရှားမှုများ နိုးကြားလာသကဲ့သို့ စာရေးသူများနှင့် စာဖတ်ပရိသတ်တို့၏ တွေ့ဆုံရင်းနှီးမှုကို ကျယ်ပြန့်စေခဲ့ပါသည်။ နှစ်စဉ် စာဆိုတော်ပွဲ စာဆိုတော်ရာသီဟူ၍လည်း တိုးတက်ဖြစ်ပေါ်စေခဲ့ပါသည်။ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ ဘာသာပြန်အသင်း ဖွဲ့စည်းပြီးသောအခါ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိသောနှစ်မှစ၍ တစ်နှစ်တာအတွင်း ပုံနှိပ်ထုတ်ဝေသော စာအုပ်များအနက်မှ ရွေးချယ်ဆုပေးသော စာပေဗိမာန်စာပေဆုလည်း ပေါ်ပေါက်လာခဲ့ပါသည်။ ၁၉၆၂ ခုနှစ်တွင် အနုပညာစာပေဆိုင်ရာ ဆုအဖြစ်သို့ တိုးမြှင့်ခဲ့ပြီးနောက် ၁၉၆၄ ခုနှစ်တွင်မှ **“အမျိုးသားစာပေဆု”** ဟူ၍ ထပ်မံ၍ အဆင့်မြှင့်တင်နိုင်ခဲ့ပါသည်။ စာပေဗိမာန်စာပေဆုကိုလည်း မူလအတိုင်း ထားရှိကာ ပုံနှိပ်မှုမပြုသေးသော စာမူဆုအဖြစ်ရွေးချယ်၍ စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေပေးခဲ့ပါသည်။ နိုင်ငံတော်အစိုးရက ချီးမြှင့်သော စာပေဆု၊ စာမူဆုပေးအပ်ပွဲအခမ်းအနားကို ပြန်ကြားရေးဝန်ကြီးဌာနကကြီးမှူး၍ နှစ်စဉ် နတ်တော်လဆန်း ၁ ရက် စာဆိုတော်နေ့တွင် ကျင်းပပေးလျက်ရှိပါသည်။

စာရေးဆရာများသည် စာဆိုတော်နေ့ စာပေလှုပ်ရှားမှုသာမက စာပေဟောပြောပွဲများကို မြို့ရွာအနှံ့ ကျင်းပလာခဲ့ကြသဖြင့် နတ်တော်လတစ်လလုံး စာဆိုတော်ရာသီလဖြစ်ခဲ့ရာ စာရေးဆရာ၊ စာပေပြုစုသူနှင့် စာဖတ်ပရိသတ်တို့ တွေ့ဆုံပွဲကြောင့် ခေတ်ပေါ်မြန်မာစာပေ တိုးတက်မှုတွင် အင်အားဖြစ်စေခဲ့ရုံမက စာရေးဆရာ၊ စာပေပြုစုသူတို့အား ရေးကွက်ဟောကွက်ကိုလည်း ချဲ့ထွင်နိုင်ခဲ့ကြပါသည်။ စာပေရာသီဖြစ်သော နတ်တော်လ၏ ညချမ်းများတွင် စာပေဟောပြောပွဲများကို ဒေသအနှံ့တွေ့ရှိနိုင်သကဲ့သို့ ယခုအခါ ဆရာတော်၊ သံဃာတော်များ၏ ညတရားဟောပွဲ၊ ဓမ္မသဘင်များကပါ ရေပန်းစားလာသဖြင့် မြန်မာစာပေ၊ ဓမ္မစာပေဖွံ့ဖြိုးမှု အပြိုင်ထွန်းကားလျက်ရှိသည်ဟု ဆိုနိုင်ပါတော့မည်။

စင်စစ်မြန်မာတို့၏ ဆောင်းဦးကာလ နတ်တော်လ၊ စာပေရာသီ ညချမ်းသည် စာရေးဆရာတို့၏ စာပေဟောပြောပွဲ စာပေခြုံလွှာနှင့် ဓမ္မကထိကဆရာတော်တို့၏ ဓမ္မခြုံလွှာ လွှမ်းခြုံရာ အခါသမယပင် ဖြစ်ပါတော့သည်။


**ရည်ညွှန်းကျမ်း**

- မြန်မာ့ရိုးရာ ဆယ့်နှစ်လရာသီပွဲတော်များ၊ ဦးအေးနိုင်(ဘီအေ၊ ဓမ္မာစရိယ၊ အင္ဂလိပ်ဘာသာပြန်အကျော်)၊ သာသနာရေးဦးစီးဌာန၊ ပုံနှိပ်တိုက်၊ (၁၉၈၀)

# မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးအစီရင်ခံမှုစနစ် ဖွံ့ဖြိုးတိုးတက်လာစေရေး ပို့ချသည့်သင်ခန်းစာများကို ကြိုးစားသင်ယူ စာရင်းပညာ ပိုမိုပြန့်ပွားစေရေးအတွက် အသိပညာ၊ ဗဟုသုတများကို လုပ်ငန်းခွင်တွင် ပြန်လည်မျှဝေ



နေပြည်တော် နိုဝင်ဘာ ၁၉

မြန်မာနိုင်ငံစာရင်းကောင်စီမှကြီးမှူး၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့် စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်၌ ဖွင့်လှစ်သည့် နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံခြင်းစံများ ဒီပလိုမာသင်တန်းအမှတ်စဉ် (၂)၊ အပိုင်း (၂) (Diploma in IFRS၊ Batch–2၊ Level–II) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာ ခင်နိုင်ဦးက မြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရာတွင်လည်းကောင်း၊ အများပြည်သူအကျိုးစီးပွားနှင့်သက်ဆိုင်သည့် လုပ်ငန်းအဖွဲ့အစည်းများနှင့် နိုင်ငံပိုင်ကဏ္ဍအဖွဲ့အစည်းများရှိ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ဘဏ္ဍာရေးအစီရင်ခံခြင်းကို နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံခြင်းစံများနှင့်အညီ လိုက်နာရေးဆွဲ ထုတ်ပြန်ရာတွင်လည်းကောင်း၊ စာရင်းစံဆိုင်ရာ အသိပညာဗဟုသုတများ သိရှိနားလည်သည့် စာရင်းပညာတတ်ကျွမ်းသူ နိုင်ငံ့ဝန်ထမ်းများ တိုးပွားလာစေရန်နှင့် စာရင်းပညာပြန့်ပွားစေရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊

ယခုသင်တန်းမှ နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်း စံများ၏ သဘောတရားများ၊ IFRS အသုံးပြုခြင်းဖြင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများ၊ မိမိတို့လုပ်ငန်း သဘာဝနှင့်သက်ဆိုင်သည့် စာရင်းရေးသွင်းချက်များ၊ စာရင်းရေးသွင်းရမည့် နည်းလမ်းများ၊ တန်ဖိုးသတ်မှတ်ခြင်းများ၊ ထုတ်ဖော်တင်ပြခြင်းများစသည့် ဘဏ္ဍာရေးရှင်းတမ်းများ ရေးဆွဲပြုစုရာတွင် သိရှိနားလည်သင့်သည့် နိုင်ငံတကာစာရင်းစံများနှင့် လိုက်လျောညီထွေဖြစ်စေမည့် စာရင်းစံဆိုင်ရာ အသိပညာ၊ ဗဟုသုတများကို ရရှိစေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးအစီရင်ခံမှုစနစ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပို့ချသည့် သင်ခန်းစာများကို ကြိုးစားသင်ယူကြရန်နှင့် စာရင်းပညာ ပိုမိုပြန့်ပွားစေရေးအတွက် အသိပညာ၊ ဗဟုသုတများကို လုပ်ငန်းခွင်တွင် ပြန်လည်မျှဝေ၍ လက်တွေ့အသုံးချကြရန်၊ ပြောင်းလဲနေသော Standards များကို စဉ်ဆက်မပြတ်လေ့လာပြီး လိုက်နာကျင့်သုံးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်သင်တန်းကျောင်း တာဝန်ခံက သင်တန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံ ၁၀ ခု ပို့ချမည်ဖြစ်ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ရှစ်ဦး၊ ဝန်ကြီးဌာန ၁၆ ခုမှ စုစုပေါင်း သင်တန်းသား ၃၀ တက်ရောက်မည်ဖြစ်ကာ သင်တန်းကို ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၇ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်အထိ သင်တန်းကာလ သုံးလကျော်ကြာဖွင့်လှစ်သွားမည်ဖြစ်သည်။ IFRS သင်တန်းကို Batch တစ်ခုလျှင် သင်တန်း Level သုံးခုခွဲ၍ သင်ကြားပေးမည်ဖြစ်ပြီး Level တစ်ခုချင်းအလိုက် သင်တန်းတက်ရောက်အောင်မြင်သူများကို Certificate လက်မှတ်များ ပေးအပ်သွားမည်ဖြစ်ပြီး Level – III အထိ တက်ရောက်အောင်မြင်သူများအား ဒီပလိုမာလက်မှတ် ချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နိုင်သက်ဦး၊ မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၂) ဦးဝမ်းတင်နှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ငွေတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ သင်တန်းကထိကနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# (၂၄)ကြိမ်မြောက် အာဆီယံဘဏ်လုပ်ငန်းဆိုင်ရာညီလာခံနှင့် (၅၃)ကြိမ်မြောက် အာဆီယံဘဏ်လုပ်ငန်းကောင်စီအစည်းအဝေးများကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၉

**(၂၄)ကြိမ်မြောက် အာဆီယံဘဏ်လုပ်ငန်းဆိုင်ရာညီလာခံနှင့် (၅၃)ကြိမ်မြောက် အာဆီယံဘဏ်လုပ်ငန်းကောင်စီအစည်းအဝေးများကို မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် မြန်မာနိုင်ငံဘဏ်များအသင်းနှင့် အာဆီယံဘဏ်များအသင်းတို့က ကြီးမှူး၍ ယနေ့တွင် ရန်ကုန်မြို့ Novotel Yangon Max Hotel ၌ကျင်းပသည်။**



အဆိုပါညီလာခံသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသက်ထွန်းအောင်၊ အာဆီယံဘဏ်များအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ၊ အာဆီယံနိုင်ငံအသီးသီး၏ ဘဏ်များအသင်းမှ ကိုယ်စားလှယ်အဖွဲ့များ၊ နိုင်ငံပိုင်ဘဏ်များ၊ ပြည်တွင်းပုဂ္ဂလိကဘဏ်များ၊ နိုင်ငံခြားဘဏ်ခွဲများ၊ နိုင်ငံခြားဘဏ်လက်အောက်ခံဘဏ်များမှ CEO များနှင့် တာဝန်ခံများ၊ ဘဏ်များ၏ အာမခံလုပ်ငန်း Partners များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) မှ ကိုယ်စားလှယ်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ ဖိတ်ကြားထားသူများ တက်ရောက်သည်။

အဆိုပါ အာဆီယံဘဏ်လုပ်ငန်းဆိုင်ရာညီလာခံတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောဦး၊ အာဆီယံဘဏ်များအသင်းဥက္ကဋ္ဌ Mr Jose Teodoro K. Limcaoco တို့က အဖွင့်အမှာစကားများ ပြောကြားခဲ့ပြီး အာဆီယံအတွင်းရေးမှူးချုပ် Dr. Kao Kim Hourn က ဗီဒီယိုဖြင့် အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ယနေ့ကျင်းပပြုလုပ်သည့် အခမ်းအနားသည် အာဆီယံဘဏ်လုပ်ငန်းနယ်ပယ်အတွက် အလွန်အရေးကြီးပါကြောင်း၊ ညီလာခံ၏ဆောင်ပုဒ်ဖြစ်သည့် "Optimizing Banking in a Digital Age: Successes and Challenges" သည် မျက်မှောက်ကာလ အခြေအနေကို အပြည့်အဝ ထင်ဟပ်စေပါကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာများ တိုးတက်လာခြင်းသည် အာဆီယံဒေသတွင်းနိုင်ငံများ၏ ငွေရေးကြေးရေးကဏ္ဍတွင် အားလုံးပါဝင်လာရေး၊ ပိုမိုကောင်းမွန်သည့်ဝန်ဆောင်မှုများ ပံ့ပိုးပေးနိုင်ရေးနှင့် နယ်စပ်ဖြတ်ကျော်ပေးချေမှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးတို့ကို အထောက်အကူဖြစ်စေသော်လည်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာ တိုက်ခိုက်ခံရမှု၊ လိမ်လည်မှုနှင့် ကိန်းဂဏန်းအချက်အလက်လုံခြုံမှုစသည့် ဆုံးရှုံးနိုင်ခြေအသစ်များကိုလည်း ဖြစ်ပေါ်လာစေနိုင်ပါကြောင်း၊ အာဆီယံငွေရေးကြေးရေးအသိုက်အဝန်းအနေဖြင့်လည်း ASEAN Payment Connectivity၊ cross–border QR code payments နှင့် regional open banking framework စသည့် ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်နိုင်ခဲ့ပါကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့် သမားရိုးကျဘဏ်လုပ်ငန်းနှင့် ဒစ်ဂျစ်တယ်စနစ်တို့ကိုပါ အသုံးပြုနိုင်သည့် ecosystem ကို တည်ဆောက်လျက်ရှိပါကြောင်း ပြောကြားပြီး ပြည်တွင်း၌ ငွေပေးချေမှုများကို လွယ်ကူချောမွေ့စေပြီး နိုင်ငံဖြတ်ကျော်ပေးချေမှုများကိုပါ ဆောင်ရွက်နိုင်မည့် National QR Code ဖြစ်သည့် MMQR ကို အကောင်အထည်ဖော်ခဲ့သည့် အခြေအနေများ ဆွေးနွေးသည်။

ဆက်လက်၍ အာဆီယံနိုင်ငံများအနေဖြင့် ဒစ်ဂျစ်တယ် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ကြုံတွေ့နေရသည့် ဆုံးရှုံးနိုင်ခြေများကို ကာကွယ်ရန်အတွက် Fundamental Framework တစ်ခု ပိုမိုအားကောင်းရန် လိုအပ်ပါကြောင်း၊ ယနေ့ကျင်းပသည့် အာဆီယံဘဏ်လုပ်ငန်းဆိုင်ရာ ညီလာခံသည် ဒေသတွင်းနိုင်ငံများ၏ ဘဏ်လုပ်ငန်းကို ဦးစီးဦးဆောင်ပြုနေသည့် ခေါင်းဆောင်များအကြား ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းစေရေးကို အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် အာဆီယံဘဏ်လုပ်ငန်းဆိုင်ရာ ညီလာခံတွင် တက်ရောက်လာသည့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက အာဆီယံဒေသတွင်း မေခရိုစီးပွားရေးအလားအလာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကမ္ဘာ့နိုင်ငံများ၏ ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးကဏ္ဍ ပြောင်းလဲဖြစ်ပေါ် တိုးတက်လာမှုနှင့်အတူ အာဆီယံနိုင်ငံများမှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဘဏ္ဍာရေးလုပ်ငန်း၏ အနာဂတ်–ဒစ်ဂျစ်တယ်ခေတ်တွင် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ကောင်းမွန်စွာ ပံ့ပိုးပေးနိုင်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒစ်ဂျစ်တယ်ခေတ်တွင် ဘဏ်လုပ်ငန်းဝန်ဆောင်မှုပေးရာ၌ ကြုံတွေ့နေရသည့်စိန်ခေါ်မှုများနှင့် ရရှိလာနိုင်သည့်အောင်မြင်မှုများခေါင်းစဉ်ဖြင့် လည်းကောင်း၊ ငွေပေးချေမှုများဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် အွန်လိုင်းမှတစ်ဆင့် လိမ်လည်မှုများ ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးသည်။

ဆက်လက်၍ (၂၄)ကြိမ်မြောက် အာဆီယံဘဏ်လုပ်ငန်းဆိုင်ရာ ညီလာခံနှင့် (၅၃)ကြိမ်မြောက် အာဆီယံဘဏ်လုပ်ငန်းကောင်စီအစည်းအဝေးများ ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံကအိမ်ရှင်အဖြစ်လက်ခံ၍ နိုဝင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့ Novotel Yangon Max Hotel ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၁၉

ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၌ နိုဝင်ဘာ ၂၂ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၁၉

နိုဝင်ဘာ ၂၀ ရက်တွင် နေပြည်တော်နှင့်အနီးတစ်ဝိုက်၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မိုး/ဇလ

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၁၄/၂၀၂၅)

၁။ ကလေးသူငယ်များသည် နိုင်ငံ့အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးအပါဆုံးအခန်းကဏ္ဍ၌ ပါဝင်သူများဖြစ်ရာ ၎င်းတို့၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားကို ဖော်ဆောင်ရန် လိုအပ်ပါသည်။ ယင်းလိုအပ်ချက်ကို ကမ္ဘာက အသိအမှတ်ပြုသည့်အနေဖြင့် ၁၉၅၉ ခုနှစ်တွင် ကုလသမဂ္ဂကကလေးသူငယ်အခွင့်အရေးများဆိုင်ရာကြေညာစာတမ်း (Declaration of the Rights of the Child) ကို ထုတ်ပြန်ကြေညာခဲ့ပြီး ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့၌ ကုလသမဂ္ဂ အထွေထွေညီလာခံ က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ် (Convention on the Rights of the Child – CRC) ကို အတည်ပြုခဲ့ရာ ယင်းသဘောတူစာချုပ်မှာ အဖွဲ့ဝင်နိုင်ငံအများဆုံး လူ့အခွင့်အရေးဆိုင်ရာစာချုပ်ကြီးတစ်ခုဖြစ်ပါသည်။ အဆိုပါစာချုပ်အတည်ပြုခဲ့သော နိုဝင်ဘာလ ၂၀ ရက်နေ့ကို ကမ္ဘာ့ကလေးများနေ့ (World Children’s Day) ဟု သတ်မှတ်ခဲ့ပြီး ယနေ့တွင် (၃၆) နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံသည် ၁၉၉၁ ခုနှစ်တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ချုပ်ဆိုခဲ့သည့်အားလျော်စွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် ကလေးသူငယ်များအား ဥပဒေအရ သတ်မှတ်ထားသော သက်ဆိုင်ရာအခွင့်အရေးများကို အညီအမျှခံစားခွင့်ရရှိစေရမည်ဟု ပြဋ္ဌာန်းထားပါသည်။ ထို့ပြင် ကလေးသူငယ်များ၏ အသက်ရှင်သန်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်မှုရရှိရေးနှင့် လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆက်ဆံခွင့်ရရှိရေးတို့အတွက် အခွင့်အရေးများရှိကြောင်း နိုင်ငံတော်ကအသိအမှတ်ပြုသကဲ့သို့ ဥပဒေပါ ကလေးသူငယ်အခွင့်အရေးများကို တန်းတူညီမျှစွာ ရရှိခံစားခွင့်ရှိသည်ဟု ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ(၂၀၁၉ ခုနှစ်)တွင် ပြဋ္ဌာန်းထားပါသည်။

၃။ ကလေးသူငယ်များသည် အနာဂတ်အတွက် တန်ဖိုးရှိသောရတနာများဖြစ်ရာ ၎င်းတို့၏အခွင့်အရေးများကို ရရှိခံစားစေခြင်းဖြင့် နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးရေးနှင့် ကလေးသူငယ်များဘဝ ဖွံ့ဖြိုးရေးတို့တွင် ကလေးသူငယ်များ ကိုယ်တိုင်ဖော်ဆောင်နိုင်ကြမည် ဖြစ်ပါသည်။ ကလေးသူငယ်အခွင့်အရေးများကို သိရှိနိုင်ရေးနှင့် လက်လှမ်းမီတန်းတူညီမျှရရှိရေးတို့ကို အလေးအနက်ထား၍ ဂရုပြုဆောင်ရွက်ပေးရမည်ဖြစ်ရာ နိုင်ငံတော်ကလည်း ကလေးသူငယ်များ ဖွံ့ဖြိုးရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

၄။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ အဓိက လုပ်ငန်းတာဝန်နှစ်ရပ်ဖြစ်သည့် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းတို့ကို အစဉ်တစိုက် ဆောင်ရွက်လျက်ရှိရာတွင် အများပြည်သူ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် အခြေခံပညာ ဆရာ/ဆရာမများအား ကလေးသူငယ်ဆိုင်ရာအခွင့်အရေးများကို အသိပညာပေးခြင်း၊ စာအုပ်စာတမ်းများ ဖြန့်ဝေခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ကလေးသူငယ်အားလုံးကို တည်ဆဲဥပဒေအရ သတ်မှတ်ထားသော သက်ဆိုင်ရာအခွင့်အရေးနှင့် အကာအကွယ်တို့ကို တန်းတူညီမျှရရှိစေရန် ကလေးပြုစုစောင့်ရှောက်ရေးဂေဟာများ၊ လူငယ်သင်တန်းကျောင်းများ၊ ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စစ်ဆေးတွေ့ရှိမှုအပေါ် အကြံပြုချက်များကို သက်ဆိုင်ရာဌာနများသို့ ပေးပို့ဆောင်ရွက်လျက်ရှိပါသည်။

၅။ အတွေးအမြင်သစ်များဖြင့် တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်သော ကမ္ဘာကြီးကိုပုံဖော်နိုင်သည့် ကလေးသူငယ်များ၏ အရေးပါမှုကို သတိပြုလျက် ယခု ၂၀၂၅ ခုနှစ်၏ ဆောင်ပုဒ်ဖြစ်သော **“Listen to children: my day, my rights” (နေ့စဉ်အခွင့်အရေးများ မြှင့်တင်ရေး ကလေးများအသံ နားထောင်ပေး)** နှင့်အညီ ကလေးသူငယ်များ၏ ဆန္ဒသဘောထားများကို နားထောင်၍ ၎င်းတို့၏ ပါဝင်ဆောင်ရွက်ခွင့်ကို သက်ဆိုင်သူများက အသိအမှတ်ပြုကြရမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ကလေးသူငယ်များ၏ အခြေခံအခွင့်အရေးများ ရရှိခံစားစေရေး ကဏ္ဍအသီးသီးမှ တာဝန်ရှိသူအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် ကမ္ဘာ့ကလေးများနေ့တွင် အလေးအနက် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်

# ၂၀၂၅ ခုနှစ် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ဆက်လက်ကျင်းပ ပုလဲအတွဲပေါင်း ၂၁၉ တွဲ ရောင်းချရ

နေပြည်တော် နိုဝင်ဘာ ၁၉

**၂၀၂၅ ခုနှစ် အကြိမ်(၆၀)မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်း တွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်းပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။**



ယနေ့နံနက်ပိုင်းမှ စတင်၍ ပြည်တွင်း ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့်ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြပြီး ပြပွဲတွင် ရောင်းချမည့် ပုလဲအတွဲများကို ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေး၍ ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ထို့နောက် ပုလဲအတွဲအမှတ် (၂၄၇) မှ အတွဲအမှတ် (၄၈၉)အထိ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲပေါင်း ၂၁၉ တွဲ ရောင်းချရကြောင်း ကြေညာသည်။

ယနေ့ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ ပုလဲအတွဲများ တင်ဒါဖွင့်ဖောက်စစ်ဆေးနေမှု၊ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသည့် ကျောက်မျက်အတွဲများ၊ ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်နှင့်လက်ဝတ်ရတနာအရောင်းဆိုင်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ပြပွဲစတုတ္ထနေ့တွင် ကျောက်မျက်အတွဲပေါင်း ၁၆၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချ ပေးသွားမည်ဖြစ်ပြီး အဆိုပါ ကျောက်မျက်အတွဲများအတွက် အခြေခံဈေးနှုန်းကို အမေရိကန်ဒေါ်လာဖြင့် သတ်မှတ်ထားကာ ဝယ်ယူခွင့်ရှိသည့် ပြည်ပရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေ အမျိုးအစားဖြင့် လည်းကောင်း၊ ပြည်တွင်းရတနာ ကုန်သည်များအနေဖြင့် နိုင်ငံခြားငွေ သို့မဟုတ် ကျပ်ငွေဖြင့်လည်းကောင်း ပေးချေဝယ်ယူနိုင်မည်ဖြစ်သည်။

အလားတူ အုပ်စု(အေ၊ ဘီ၊ စီ) သုံးအုပ်စုခွဲထားသည့် ကျောက်စိမ်း အတွဲပေါင်း ၅၀၈၅ အနက် အုပ်စု(အေ)နှင့် အုပ်စု(ဘီ)မှ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ လည်းကောင်း၊ အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ လည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်ရန်၊ နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုနိုင်ရန် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ၂၀၂၅ ခုနှစ်၊ အကြိမ်(၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၁၇ ရက်မှ ၂၆ ရက်အထိ နေပြည်တော် မဏိရ တနာကျောက်စိမ်းခန်းမ၌ ကျင်းပပေးလျက်ရှိကြောင်း သိရသည်။

**သန့်ကျော်၊ ဓာတ်ပုံ-ထိန်နန်နေ>်**

# ကယားပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဝန်ထမ်းအိမ်ရာအသစ် ပြန်လည်တည်ဆောက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၉** ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်း ၂၀၂၃ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကယားပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ဝန်ထမ်းအိမ်ရာဝင်းအတွင်း RC တစ်ထပ် ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာအသစ် ပြန်လည် တည်ဆောက်ခြင်းလုပ်ငန်းကို နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၃၇၆ ဒသမ ၂၉၉ သန်းဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းတစ်ခုလုံး၏ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



အဆိုပါ အိမ်ရာဆောက်လုပ်ပေးခြင်းဖြင့် ကယားပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် ကယားပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဝန်ထမ်းများနှင့် ၎င်းတို့၏မိသားစုဝင်များ အေးချမ်းပျော်ရွှင်စွာ နေထိုင်နိုင်မည့်အပြင် ဝန်ထမ်းများ အနေဖြင့်လည်း ဘဝအရည်အသွေး မြင့်မားစေခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်လာစေခြင်းနှင့် နယ်စပ်ဒေသ၏ တည်ငြိမ် အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် များစွာပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးရွာသွန်းခြင်း ဖြစ်ပေါ်နိုင်

**နေပြည်တော် နိုဝင်ဘာ ၁၉** တနင်္သာရီတိုင်း ဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ကမ္ဘာ့လူဦးရေ ၈ ဒသမ ၂ ဘီလီယံ၏ ထက်ဝက်နီးပါး မြို့ပြများတွင် နေထိုင်ကြဟု ကုလသမဂ္ဂ ဆို

**ကုလသမဂ္ဂ နိုဝင်ဘာ ၁၉**

ကမ္ဘာ့လူဦးရေ ၈ ဒသမ ၂ ဘီလီယံ၏ ထက်ဝက်နီးပါးသည် ယခုအချိန်အခါ၌ ကမ္ဘာတစ်ဝန်းရှိ မြို့ပြများတွင် နေထိုင်ကြလျက်ရှိကြောင်း နိုဝင်ဘာ ၁၈ ရက်က ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂ၏ အစီရင်ခံစာ၌ ဖော်ပြသည်။

ကမ္ဘာ့မြို့ပြဖြစ်ထွန်းမှု အလားအလာ ၂၀၂၅-ရလဒ်များအကျဉ်းချုပ်အရ ကမ္ဘာကြီးသည် မြို့ပြများ ပိုမိုဖြစ်ထွန်းလာကြောင်း၊ ၁၉၅၀ ပြည့်နှစ်နောက်ပိုင်း မြို့ပြများတွင် နေထိုင်သူအရေအတွက်မှာ နှစ်ဆကျော် ၄၅ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း၊ ယင်းအချိန်က ကမ္ဘာ့လူဦးရေ ၂ ဒသမ ၅ ဘီလီယံ၏ ၂၀ ရာခိုင်နှုန်းသာလျှင် မြို့ပြများတွင် နေထိုင်ခဲ့ကြကြောင်း အဆိုပါအစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။

လူဦးရေ ၁၀ သန်း သို့မဟုတ် ယင်းထက်ပို၍ နေထိုင်သော မဟာမြို့တော် ဧရိယာအရေအတွက်မှာ ၁၉၇၅ ခုနှစ်တွင် ရှစ်မြို့သာရှိရာမှ ၂၀၂၅ ခုနှစ်တွင် ၃၃ မြို့အထိ လေးဆတိုးမြင့်တက်လာခဲ့ပြီး ယင်းအနက် ၁၉ မြို့မှာ အာရှတိုက်တွင် တည်ရှိသည်ဟု ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးရာဌာနက ထုတ်ပြန်ထားသော အစီရင်ခံစာတွင် အင်ဒိုနီးရှားနိုင်ငံ၏မြို့တော် ဂျကာတာသည် လက်ရှိတွင် နေထိုင်သူ ၄၂ သန်းနီးပါးရှိပြီး ကမ္ဘာ့လူဦးရေ အထူထပ်ဆုံးမြို့ဖြစ်ကြောင်း ဖော်ပြထားသည်။ မဟာမြို့တော် အရေအတွက်သည် ၂၀၅၀ ပြည့်နှစ်တွင် ၃၇ မြို့အထိ မြင့်တက်လာဖွယ်ရှိကြောင်းလည်း ဖော်ပြထားသည်။

မဟာမြို့တော်များသည် အရေးပါထင်ရှားသော်လည်း အရွယ်အစားသေးငယ်သော မြို့များနှင့် အလတ်စားမြို့များမှာ မဟာမြို့တော်များထက် လူဦးရေပိုမိုများပြားစွာ နေထိုင်ကြပြီး အဆိုပါမြို့များသည် အထူးသဖြင့် အာဖရိကနှင့် အာရှဒေသများတွင် ပိုမိုမြန်ဆန်သောနှုန်းဖြင့် များပြားလျက်ရှိသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။



ခွဲခြမ်းစိတ်ဖြာထားသော မြို့ပေါင်း ၁၂၀၀၀ အနက် ၉၆ ရာခိုင်နှုန်းမှာ လူဦးရေတစ်သန်းအောက် နေထိုင်ကြပြီး ၈၁ ရာခိုင်နှုန်းမှာ လူပေါင်း ၂၅၀၀၀၀ အောက် နေထိုင်ကြသည်ဟု ဆိုသည်။ **ဆင်ဟွာ**

# အမေရိကန်တက္ကသိုလ်၊ ကောလိပ်များသို့ ကျောင်းအပ်သည့် နိုင်ငံတကာ ကျောင်းသားအရေအတွက် ကျဆင်း

**ဝါရှင်တန် နိုဝင်ဘာ ၁၉**

၂၀၂၅ ခုနှစ် ဆောင်းရာသီတွင် အမေရိကန်ပြည်ထောင်စုရှိ ကောလိပ်များ သို့မဟုတ် တက္ကသိုလ်များ၌ နိုင်ငံတကာကျောင်းသားသစ်များ၏ ကျောင်းအပ်မှုသည် ၂၀၂၄ ခုနှစ်ထက် ၁၇ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း အမေရိကန်လေ့လာမှုတစ်ခုက ဖော်ပြခဲ့သည်။



အမေရိကန်နိုင်ငံတစ်ဝန်းရှိ ကောလိပ် သို့မဟုတ် တက္ကသိုလ်ပေါင်း ၈၂၀ ကျော်၌ ပညာသင်ယူနေသည့် နိုင်ငံတကာ ကျောင်းသားများနှင့် ပတ်သက်သည့် လေ့လာမှုရလဒ်များကို နိုင်ငံတကာပညာရေးဌာနက နိုဝင်ဘာ ၁၇ ရက်တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ကျောင်းများ၏ ၉၆ ရာခိုင်နှုန်းသည် ဗီဇာလျှောက်ထားမှုနှင့်ပတ်သက်သည့် စိုးရိမ်မှုများ ရှိနေသည်ဆိုသည့် မှတ်ချက်ချမှုနှင့်အတူ နိုင်ငံတကာကျောင်းသားများ စာရင်းသွင်းမှုကျဆင်းခြင်း၏ နောက်ကွယ်မှအချက်များကို ဖော်ပြခဲ့သည်။ ၎င်းအချက်များထဲတွင် ၆၀ ရာခိုင်နှုန်းကျော်သည် ခရီးသွားလာမှု ကန့်သတ်ချက် သို့မဟုတ် နိုင်ငံအတွင်း ဝင်ရောက်ဖို့ အခက်အခဲဖြစ်နိုင်ခြေများကို ရည်ညွှန်းဖော်ပြထားသည်။

ကျောင်းသားများအနေဖြင့် ကြုံဆိုခံရသည့် ခံစားချက်မခံစားရခြင်းအပေါ် စိုးရိမ်ပူပန်မှုများရှိနေသည်ဆိုသည့် ကျောင်းရာခိုင်နှုန်းအရေအတွက်နှင့် အမေရိကန်နိုင်ငံအတွင်း ပိုမိုကျယ်ပြန့်သည့် လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ ပတ်ဝန်းကျင်အခြေအနေများအပေါ် စိုးရိမ်ပူပန်မှုများရှိနေသည်ဟုဆိုသည့် ကျောင်းရာခိုင်နှုန်းအရေအတွက်သည် ၆၀ ရာခိုင်နှုန်းကျော်စီရှိသည်။

လေ့လာတွေ့ရှိမှုများအရ အမေရိကန်အစိုးရ၏ နိုင်ငံတကာ ကျောင်းသားများအပေါ် တင်းကျပ်စွာ စိစစ်ခြင်းသည် အဆိုပါကျောင်းသားများအတွက် စိတ်ပိုင်းဆိုင်ရာ အတားအဆီးများကို ဖြစ်စေပြီး အမေရိကန်ကို ရွေးချယ်မှုနည်းလာစေသည် ဆိုသည့် အချက်ကို ဖော်ပြလျက်ရှိသည်။

အမေရိကန်တက္ကသိုလ် သို့မဟုတ် ကောလိပ်များသို့ ကျောင်းအပ်သည့် နိုင်ငံတကာကျောင်းသားအရေအတွက်သည် လွန်ခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၂၅ ခုနှစ် ဆောင်းရာသီတွင် ကျဆင်းကြောင်း တွေ့ရှိခဲ့ပြီး ၂၀၂၆ ခုနှစ် ဆောင်းရာသီတွင် ယခုထက်ပိုမိုကျဆင်းမည်ဟု သုံးသပ်ဖော်ပြထားသောကြောင့် ထိုသို့ကျဆင်းလာခြင်းက ကျောင်းစီမံအုပ်ချုပ်မှုများနှင့် နိုင်ငံတွင်းတက္ကသိုလ် သို့မဟုတ် ကောလိပ်များ၏ ယှဉ်ပြိုင်မှုများကိုလည်း အကျိုးသက်ရောက်မှုများ ရှိလာမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# တိုယိုတာက ဟိုက်ဘရစ်ကားများထုတ်လုပ်မှု မြှင့်တင်ရန် အမေရိကန်တွင် ဒေါ်လာ ၉၁၂ သန်း ရင်းနှီးမြှုပ်နှံမည်

**တိုကျို နိုဝင်ဘာ ၁၉**

တိုယိုတာ ကားကုမ္ပဏီသည် ၎င်းတို့၏ ဟိုက်ဘရစ်ကားများ ထုတ်လုပ်မှုကို မြှင့်တင်ရန်အတွက် အမေရိကန်တွင် ဒေါ်လာ သန်း ၉၀၀ကျော် ရင်းနှီးမြှုပ်နှံမည်ဟုပြောကြားခဲ့သည်။ အမေရိကန်တွင် ငါးနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၁၀ဘီလီယံအထိ ပြုလုပ်သွားမည့်အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။

အမေရိကန်ရှိ စက်ရုံငါးရုံတွင် ဒေါ်လာ ၉၁၂ သန်း ရင်းနှီးမြှုပ်နှံသွားမည်ဟု တိုယိုတာ ကုမ္ပဏီက နိုဝင်ဘာ ၁၈ ရက်တွင် ကြေညာခဲ့သည်။ ဟိုက်ဘရစ်ကားများအတွက် ဝယ်လိုအားမြင့်တက်လာမှုကို ဖြည့်ဆည်းနိုင်ရန် အဆိုပါငွေကြေးက အထောက်အကူပြုမည်ဟု ကုမ္ပဏီက ပြောသည်။ အနောက်ဗာဂျီးနီးယားပြည်နယ်ရှိ စက်ရုံတစ်ရုံတွင် အမေရိကန်ဒေါ်လာ သန်း ၄၅၀ ကျော် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်။

အဆိုပါပမာဏသည် အများဆုံးပမာဏလည်းဖြစ်သည်။ ယင်းငွေဖြင့် ဟိုက်ဘရစ်ကားများနှင့်ကိုက်ညီသော အင်ဂျင်များနှင့် အခြားအစိတ်အပိုင်းများထုတ်လုပ်ရန် စက်ပစ္စည်းများ အဆင့်မြှင့်တင်ရာတွင် အသုံးပြုမည်ဖြစ်သည်။ တိုယိုတာကုမ္ပဏီသည် မစ္စစ္စပီပြည်နယ်ရှိ ၎င်း၏စက်ရုံတွင် ဟိုက်ဘရစ်ဗားရှင်းများကို စတင်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ယင်းစက်ရုံသည် ၂၀၂၈ ခုနှစ်တွင် အမေရိကန်မှ ပထမဆုံး ထုတ်လုပ်မည့် လျှပ်စစ်ဟိုက်ဘရစ် ကိုရိုလာကားများကို စတင်ထုတ်လုပ်သွားမည်ဖြစ်သည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်နိုင်ငံတွင် အလုပ်အကိုင် ၂၅၀ ကျော် ဖန်တီးပေးလိမ့်မည်ဟု တိုယိုတာကုမ္ပဏီက ပြောသည်။ **အင်န်အိတ်ချ်ကေ**

# ဂျပန်အနောက်တောင်ပိုင်း အိုအီတာခရိုင်၌ မီးအကြီးအကျယ်လောင်

**တိုကျို နိုဝင်ဘာ ၁၉**

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း အိုအီတာခရိုင်တွင် မီးအကြီးအကျယ်လောင်မှုဖြစ်ပွားရာ မီးငြိမ်းသတ်နိုင်ရေး မီးသတ်သမားများ ကြိုးပမ်းလျက်ရှိသည်။ ဒေသခံအာဏာပိုင်များ၏ ပြောကြားချက်အရ အကြမ်းဖျင်းအားဖြင့် ၄၉၀၀၀ စတုရန်းမီတာ မီးလောင်ခဲ့ပြီးဖြစ်သည်ဟု သိရသည်။

အိုအီတာခရိုင် ဆာဂါနိုဆဲကီမြို့ရှိ နေအိမ်တစ်အိမ်တွင် မီးလောင်နေကြောင်း နိုဝင်ဘာ ၁၈ ရက် ညနေ ၅ နာရီ ၄၅ မိနစ်က မီးသတ်အရာရှိများထံ အကြောင်းကြားခဲ့သည်။ အဆိုပါမီးသည် ပျံ့နှံ့သွားပြီး လူနေရပ်ကွက် ပတ်ဝန်းကျင်နှင့် သစ်တောများထိပါ ပျံ့နှံ့ရောက်ရှိသွားသည်။

မီးလောင်မှုသည် အရှေ့တောင်ဘက် တစ်ကီလိုမီတာကျော်အကွာရှိ ကျွန်းတစ်ကျွန်းသို့ပါ ပျံ့နှံ့သွားကြောင်း ခရိုင်သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးအဖွဲ့က ပြောသည်။ မီးလောင်မှုကြောင့် အိမ်ခြေ ၁၇၀ ကျော်နှင့် အခြားသော အဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။ မီးလောင်မှုကြောင့်တစ်ဦးသေဆုံးပြီး အသက် ၅၀ ဝန်းကျင် အမျိုးသမီးတစ်ဦးမှာ မီးလောင်ဒဏ်ရာဖြင့် ဆေးရုံတက်ရကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

နိုဝင်ဘာ ၁၉ ရက် နံနက် ၈ နာရီအထိ စတုရန်းမီတာ ၄၈၉၀၀ မီးလောင်ပျက်စီးခဲ့ကြောင်း အိုအီတာမြို့ လုပ်ငန်းအဖွဲ့က ပြောသည်။ မီးလောင်မှုမှာ ငြိမ်းလုနီးပါးအခြေအနေသို့ရောက်ရှိလာပြီး အဖြူရောင်မီးခိုးငွေ့များ ဆက်လက်ရှိနေဆဲဖြစ်သည်။

နိုဝင်ဘာ ၁၉ ရက် နံနက် ၇ နာရီအထိ အိမ်ထောင်စု ၁၀၈ စုမှ လူပေါင်း ၁၆၇ ဦးမှာ နီးစပ်ရာ ခိုလှုံရေးစင်တာများတွင် နေထိုင်နေကြကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# Google က နောက်ဆုံးပေါ်နှင့် အဆင့်မြင့်ဆုံး Gemini 3 AI model မိတ်ဆက်

**ဆန်ဖရန်စစ္စကို နိုဝင်ဘာ ၁၉**

Google (ဂူးဂဲလ်) သည် ၎င်း၏ နောက်ဆုံးပေါ်နှင့် အဆင့်မြင့်ဆုံး AI model ဖြစ်သည့် Gemini 3 ကို နိုဝင်ဘာ ၁၈ ရက်တွင် မိတ်ဆက်ထုတ်ပြန်လိုက်ပြီ ဖြစ်သည်။

Gemini 3 သည် ကမ္ဘာပေါ်တွင် စွယ်စုံနားလည်နိုင်စွမ်းရှိသည့် အကောင်းဆုံး မော်ဒယ်လ်ဖြစ်သည်ဟု ဂူးဂဲလ်ကုမ္ပဏီက ပြောသည်။ အဆိုပါ မော်ဒယ်လ်သည် အဓိက အအေအိုင်စံနှုန်း တိုင်းတာချက်များတွင် သက်သေပြသခဲ့သော ခေတ်အမီဆုံးကျိုးကြောင်း ဆင်ခြင်နိုင်စွမ်းအပေါ် တည်ဆောက်ထားခြင်းဖြစ်ပြီး ပိုမိုကောင်းမွန်သော၊ ပိုမိုပြည့်စုံသော မြင်ကွင်းများ၊ ပုံဖော်မှုများကို ဖန်တီးပေးနိုင်ခြင်းနှင့် ရှုပ်ထွေးသောအဆင့်များအထိပင် နက်နက်နဲနဲမှန်းဆပြီး ဝန်ဆောင်မှုပေးနိုင်သည်ဟု ဆိုသည်။

Gemini 3 သည် အထူးခြားဆုံးသော ဉာဏ်ရည်ဉာဏ်သွေးရှိသည့် မော်ဒယ်လ်ဖြစ်ပြီး Gemini စွမ်းဆောင်ရည်များကိုပေါင်းစပ်ထားသောကြောင့် မည်သည့်စိတ်ကူးစိတ်သန်းကိုမဆို အကောင်အထည်ဖော်နိုင်စွမ်းရှိကြောင်း ဂူးလ်ဂဲလ်နှင့် အယ်လ်ဖာဘက် အမှုဆောင်အရာရှိချုပ် ဆန်ဒါပီချိုင်းက ပြောသည်။

Gemini 3 သည် တောင်းဆိုသည့် အကြောင်းအရာနှင့် ရည်ရွယ်ချက်ကို ပိုမိုနားလည်နိုင်စွမ်းရှိသောကြောင့် အကြိမ်ရေနည်းသော အမိန့်ပေးမှုများဖြင့် လိုအပ်ချက်များကို ရရှိနိုင်သည်ဟု ဆိုသည်။ **ဆင်ဟွာ**

# မွန်ပြည်နယ် မုဒုံမြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ



**မုဒုံ နိုဝင်ဘာ ၁၉**

မွန်ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့်ကျင်းပသော စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယမန်နေ့က မုဒုံမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ဌေးမြင့်အေး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်၊ သယံဇာတရေးရာဝန်ကြီး ဒေါက်တာအောင်မြတ်ကျော်စိန်၊ လူမှုရေးရာဝန်ကြီး ဦးတင်ဇော်ထွန်းတို့က ပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဘင်ခရာနှင့် ပန်းဖွားအဖွဲ့များကို ဂုဏ်ပြုချီးမြှင့် ငွေများပေးအပ်ပြီး ကျောင်းသား ကျောင်းသူများ၏ပုံပြော၊ ကဗျာရွတ်ဆို၊ ကျပန်းစကားပြော၊ စကားရည်လု၊ ဆေးရောင်ခြယ်၊ စစ်တုရင်ပြိုင်ပွဲများ၊ လူငယ် စကားဝိုင်းယှဉ်ပြိုင်နေမှုများ၊ ဌာနဆိုင်ရာပြခန်း ရှစ်ခု ခင်းကျင်းပြသထားမှု၊ စာအုပ်အရောင်းဆိုင်များ၌ ကျောင်းသား ကျောင်းသူများပျော်ရွှင်စွာ စာအုပ်စာပေဝယ်ယူလေ့လာဖတ်ရှုနေမှုများ၊ ကာယညာဏပြိုင်ပွဲများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် စုပေါင်းကပြဖျော်ဖြေကြသည့် ကျောင်းခုနစ်ကျောင်းမှ အကအဖွဲ့ ခုနစ်ဖွဲ့ကို ချီးမြှင့်ငွေများ ပေးအပ်သည်။

အဆိုပါကျောင်းခန်းမ၌ ဒုတိယပိုင်းအခမ်းအနား ဆက်လက်ကျင်းပရာ အထက (၃) ကျောင်းသား ကျောင်းသူများက ပညာဘဏ်တိုက်စာကြည့်တိုက်သို့သွားကြစို့ သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးကာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆိုကရေးတီးပြိုင်ပွဲ ငွေတံဆိပ်ဆုရ အထက (ခွဲ) နိုင်လုံကျောင်းမှ မမြဟေသာကိုက တယောလက်သံ၊ အထက (ညောင်ကုန်း)ကျောင်းမှ သာယာဝပြောမွန်တို့ဌာနေ မွန်သီချင်း၊ မူ(လွန်)ကော့ခလွယ်ကျောင်းမှ အလှကမ္ဘာမြေတေးသီချင်း အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွက် ငွေကျပ်သိန်း ၅၀ ကို ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးသို့လည်းကောင်း၊ အထက (၃)မုဒုံ ကျောင်းစာကြည့်တိုက်အတွက် သုတ/ရသ စာအုပ်မျိုးစုံနှင့် ပွဲတော်လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများအတွက် မုန့်၊ ရေသန့်များကို မြို့နယ်ပညာရေးမှူးသို့ လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်တရားသူကြီးချုပ်နှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က အလှူရှင်များမှ လှူဒါန်းသည့် အလှူငွေများကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ဆက်လက်၍ အထက (၃) ကျောင်းသား ကျောင်းသူများက မြန်မာပြည်မှာ စာပဒေသာဝေဆာစေ သီချင်းဖြင့် ဖျော်ဖြေရာ လူမှုရေးရာဝန်ကြီးက ပွဲတော်တွင်ပါဝင် ကပြဖျော်ဖြေခဲ့သည့် ကျောင်းများမှ အကအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ယခုပွဲတော်သို့ မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း ၅၀ မှ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၃၄၆ ဦးကိုထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး အိန္ဒိယနိုင်ငံသား ၁၂၅ ဦးကို သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၁၉**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၁၂၅ ဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိရာ ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများ၊ တပ်မတော်နှင့် BGF နယ်ခြားစောင့်တပ်များမှ တာဝန်ရှိသူများသည် ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၈ ရက် နံနက် ၁၁ နာရီခွဲတွင် ရွှေကုက္ကိုလ် နယ်မြေအတွင်းသို့ ဝင်ရောက်ခဲ့ပြီးနောက် မွန်းလွဲ ၁ နာရီမှည ၆ နာရီအထိ တိုက်အမှတ် ၀၈ (၇ ထပ်အဆောက်အအုံ) သို့ ဝင်ရောက်စစ်ဆေးခဲ့ရာ ကွန်ပျူတာအလုံး ၈၀၊ မိုဘိုင်းဖုန်း ၄၈၀၀ နှင့်တရားမဝင်ဝင်ရောက်နေသော ပြည်ပနိုင်ငံသား ၆၅ ဦးတို့ကို လည်းကောင်း၊ တိုက်အမှတ် ၀၆ (ခုနစ်ထပ် အဆောက်အအုံ)သို့ ဝင်ရောက်စစ်ဆေးခဲ့ရာ ကွန်ပျူတာ ၇၃ လုံး၊ မိုဘိုင်းဖုန်း ၆၅၀၀ နှင့် တရားမဝင် ဝင်ရောက်နေသော ပြည်ပနိုင်ငံသား ၇၅ ဦးတို့ကို လည်းကောင်း၊ ချန်စိမ်းတိုက် ၁၃ ထပ်အဆောက်အအုံသို့ ဝင်ရောက်စစ်ဆေးခဲ့ရာ ကွန်ပျူတာ ၁၆၁ လုံး၊ မိုဘိုင်းဖုန်း ၇၅၀၀ နှင့် တရားမဝင် ဝင်ရောက်နေသော ပြည်ပနိုင်ငံသား ၂၀၆ ဦးတို့ကို လည်းကောင်း စစ်ဆေးတွေ့ရှိဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၃၄၆ ဦးကို မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု၊ ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝင်းရှိ အဆောက်အအုံ၌ထိန်းသိမ်းထားရှိပြီး တရားမဝင်ပြည်ပနိုင်ငံသား စစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ပြည်ပနိုင်ငံသား ၂၀၀ ကို စစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြည်နယ် ညွှန်ကြားရေးမှူး ဦးကျော်မြင့်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် ပြည်ပနိုင်ငံသားများ ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်နှင့် တာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Counsellor Mr. Pranav Ganesh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၁၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၁၁၈၆ ဦး ထိန်းသိမ်းနိုင်ခဲ့ကာ ၁၁၀၄၀ ကို စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၉၉၇၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၀၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက် နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေးအိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် နိုဝင်ဘာ ၁၉**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

○ *ကျော်ဖုံးမှ*

ခရစ္စတန်ဆန် အနီကတ်ပြထုတ်ပယ်ခံခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ရသည်။ ပြိုင်ဘက်ဒိန်းမတ်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိလျှင်တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ရန် အခွင့်အရေးရှိသော်လည်း နိုင်ပွဲမရှိသည့်အပြင် ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့်အတွက် အဆိုပါ အခွင့်အရေးနှင့် လွဲချော်ခဲ့ရသည်။ ထို့ကြောင့် ဒိန်းမတ်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကစားခွင့်ရရှိရန် ရှုံးထွက်ယှဉ်ပြိုင်ကစားရဦးမည်ဖြစ်သည်။

အခြားနာမည်ကြီးပွဲစဉ်ရလဒ်များတွင် ရိုမေးနီးယားက ဆန်မာရီနိုကို ခုနစ်ဂိုး-တစ်ဂိုး၊ ဘယ်လ်ဂျီယံက လက်ချင်စတိန်းကို ခုနစ်ဂိုး-ဂိုးမရှိ၊ ဝေးလ်ကမြောက်မက်ဆီဒိုးနီးယားကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ပြီး နာမည်ကြီး စပိန်နှင့် တူရကီယဲအသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။

**အောင်ဇော်**

# မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၉

**မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ ဥက္ကဋ္ဌ ဒေါ်စန္ဒာဦး က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–**



**လေးစားအပ်ပါသော မိဘပြည်သူများရှင်**

ကျွန်မကတော့ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ Peace & Diversity Party (PDP) ဥက္ကဋ္ဌ ဒေါ်စန္ဒာဦးဖြစ်ပါတယ်ရှင်။ ကျွန်မတို့ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီဟာ ၂၀၁၀ ခုနှစ်၊ မတ်လ (၂၂) ရက်နေ့ကတည်းက စတင်တည်ထောင်ခဲ့တာ ဖြစ်ပါတယ်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရဲ့ ရွေးကောက်ပွဲဥပဒေနှင့်အညီ (၂၈-၃-၂၀၂၃) ခုနှစ်မှာ ပြန်လည်မှတ်ပုံတင်ခွင့်လျှောက်ထားခဲ့ပါတယ်ရှင့်။ (၁၅-၇-၂၀၂၄) မှာ ပါတီမှတ်ပုံတင်ခွင့်ပြုခဲ့ပါတယ်ရှင့်။

ကျွန်မတို့ပါတီဟာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြီးမှူးကျင်းပတဲ့ ၂၀၁၀ ရွေးကောက်ပွဲ၊ ၂၀၁၅ ရွေးကောက်ပွဲ၊ ၂၀၂၀ ရွေးကောက်ပွဲတွေမှာ ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ယခုကျင်းပမယ့် ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲမှာလည်း စတုတ္ထ အကြိမ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်ရှင်။

ကျွန်မတို့ပါတီရဲ့ မူဝါဒနဲ့လုပ်ငန်းစဉ်တွေကတော့၊ ကျွန်မတို့ ပါတီရဲ့ မူဝါဒကတော့ "လူသားဆန်သော ဒီမိုကရက်တစ်နိုင်ငံသားဝါဒ"(HUMANIST DEMOCRATIC NATIONALISM) ဖြစ်ပါသည်။

(၁) ကမ္ဘာအရပ်ရပ်မှာရှိတဲ့ လူသားမျိုးနွယ်တို့၏ အကျိုးစီးပွားကို မျက်ကွယ်ပြုမည် မဟုတ်။

(၂) ဒီမိုကရက်တစ်လုပ်နည်းလုပ်ဟန်တို့ကို လိုက်နာကျင့်သုံးမည်။

(၃) အခွန်ထမ်းနိုင်ငံသားများ၏ အကျိုးကို ပထမဦးစားပေးစဉ်းစားမည်ဟူ၍ ဖြစ်ပါတယ်။

ကျွန်မတို့ပါတီဟာ လူသားအချင်းချင်း ရန်သူလို သတ်မှတ်တဲ့ အလေ့အထကို စွန့်လွှတ်ပြီး လူသားတွေရဲ့ ရန်သူအသစ်တွေကိုရှာဖွေတွေ့ရှိထားပြီး ဖြစ်ပါတယ်။ အဲဒါ တွေကတော့ မဖွံ့ဖြိုး မတိုးတက်ခြင်း၊ ရောဂါဘယအသစ်အဆန်းများ၊ သဘာဝဘေးအန္တရာယ်ဆိုးများ၊ အလုပ်လက်မဲ့ ဖြစ်ခြင်းများနဲ့ အသိတရားခေါင်းပါးခြင်းတို့ပဲ ဖြစ်ပါတယ်။ အဲဒီရန်သူတွေကို တိုက်ပွဲဝင်ဖို့အတွက် ကျွန်မတို့ပါတီက ထာဝရလုပ်ဆောင်နေပါတယ်။

**လေးစားအပ်ပါသော မိဘပြည်သူများရှင်**

ကျွန်မတို့ရှာဖွေတွေ့ရှိထားတဲ့ရန်သူ (၅) မျိုးထဲမှာမှ အသိတရားခေါင်းပါးခြင်းဟာ အဆိုးဆုံးဖြစ်တဲ့အတွက် နိုင်ငံရေးနဲ့ ပတ်သက်ဆက်နွယ်တဲ့ အကြောင်းခြင်းရာတွေ နိုင်ငံရေးစနစ်တွေကို အစဉ်အမြဲ ရှင်းလင်းတင်ပြလျက်ရှိပါတယ်ရှင်။ လူသားတို့သည် တွေး၍၊ ကြံ၍၊ အသစ်အဆန်းတို့ကို ဖန်တီးတည်ဆောက်၍၊ လူသားတို့၏ အတွေးအကြံ အမျိုးမျိုးသည် ခက်ဖြာ၍ ဖွံ့ဖြိုးလာသောကြောင့် ဦးတည်ချက်အမျိုးမျိုး၊ ဖန်တီးမှု အမျိုးမျိုးဖြင့် ရပ်တည်နေကြသည်။ ထိုဖြစ်စဉ်များကိုလည်း လွှမ်းမိုးထိန်းချုပ်စေခြင်းငှာမသင့်။ ထို့အတူ အမြင်ကွဲလွဲခြင်းများကြောင့် ရန်ဘက်ဖြစ်နေကြခြင်းကိုလည်း စွန့်လွှတ်ကြရပေမည်။ ကျွန်မတို့ နိုင်ငံသူ နိုင်ငံသားများအနေဖြင့် အခြေခံလိုအပ်ချက်ကြီးများ ပြီးပြည့်စုံပါက မည်သို့ ကွဲပြားစွာ ခံစားတည်ဆောက်ကြပါစေ နှစ်လိုဖွယ်သာ ဖြစ်ပေသည်။ မတူကွဲပြားသောအတွေးအခေါ် အယူအဆအမျိုးမျိုးတို့ကြောင့် လူသားအချင်းချင်း ဖိစီးနှိပ်စက်သတ်ဖြတ်ကြခြင်းကို ကျွန်မတို့က မလိုလားပါဘူး။

**လေးစားအပ်ပါသော မိဘပြည်သူများရှင်**

ကျွန်မတို့သည် မတူကွဲပြားခြားနားခြင်းအပေါ်အကြောင်းပြု၍ ရန်ပြုတိုက်ခိုက်ခြင်းမရှိဘဲ လူသားအချင်းချင်း အပြိုင်ဖြစ်တည်ခြင်းကို ဦးထိပ်ပန်ဆင်ကာ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်သင့်ပါတယ်။

**လေးစားအပ်ပါသော မိဘပြည်သူများရှင်**

ကျွန်မတို့ပါတီဟာ နိုင်ငံဖွံ့ဖြိုးရေးနဲ့ပတ်သက်ပြီး ပုဂ္ဂလိကကဏ္ဍများအားကောင်း သန်စွမ်းရေးဟာ အခရာကျတယ်လို့ ရှုမြင်ပါတယ်။ လူသားတိုင်းဟာ ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂနဲ့ နောက်ခံအသိုင်းအဝိုင်း မတူညီတဲ့အပေါ် မူတည်၍ ဆူကြုံနိမ့်မြင့် ဆင်းရဲ ချမ်းသာ ကွဲပြားခြားနားသည့် သဘာဝကို လက်ခံယုံကြည်ပါတယ်။ အားလုံး တန်းတူ မချမ်းသာနိုင်လျှင် အားလုံးတန်းတူ ဆင်းရဲနေရမည်ဆိုတဲ့ ကွန်မြူနစ်ဆန်သည့် အယူအဆများသည် နိုင်ငံဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အဟန့်အတားဖြစ်ကြောင်း လက်ခံယုံကြည်ပါတယ်။ ပုဂ္ဂလိက လုပ်ငန်းရှင်တစ်ဦးသည် ၎င်း၏ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာမှာ ၎င်းတို့ မိသားစုနှင့်သာ လုပ်ကိုင်ဆောင်ရွက်ကြရသည်မဟုတ် အောက်ဆုံးအဆင့်မှာရှိတဲ့ သန့်ရှင်းရေး အလုပ်သမားကစပြီး လုပ်ငန်းမန်နေဂျာကြီးအထိ အလုပ်သမားများကို ငှားရမ်းလုပ်ကိုင်ကြရပါတယ်။ ထို့ကြောင့် နိုင်ငံတစ်ခုမှာ လုပ်ငန်းရှင်ကြီးများရဲ့ လုပ်ငန်းများ စီးပွားရေးလုပ်ငန်းများ စည်ပင်ထွန်းကား ပေါများလျှင် အလုပ်အကိုင်အခွင့်အလမ်းများ ပေါများမှာ ဖြစ်ပါတယ်။

**မိဘပြည်သူများရှင်**

ကျွန်မတို့နိုင်ငံဟာ ကိုလိုနီဘဝမှ လွတ်လပ်ရေးရယူရာတွင် အင်္ဂလိပ်နယ်ချဲ့အရင်းရှင်ကို တော်လှန်ဆန့်ကျင်၍ လွတ်လပ်ရေး ယူရသည်ဖြစ်သောကြောင့် ဆိုရှယ်လစ်အတွေးအခေါ် ကွန်မြူနစ် အတွေးအခေါ် စတဲ့စာပေများကို လေ့လာဖတ်ရှုဖြန့်ဝေလျက် လွတ်လပ်ရေးကို ရယူခဲ့ကြပါတယ်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးစ အချိန်တွင် ပါတီစုံဒီမိုကရေစီနိုင်ငံတစ်ခုအဖြစ် ထူထောင်ရပ်တည်ခဲ့ကြပါတယ်။ သို့သော်လည်း ထိုစဉ်က နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ရှိနေသော နိုင်ငံရေးခေါင်းဆောင် မှန်သမျှသည် ဆိုရှယ်လစ် ကွန်မြူနစ် စာပေ၊ ယဉ်ကျေးမှုအရိပ်အောက်တွင် ကြီးပြင်းခဲ့ကြသူများသာ ဖြစ်ပါတယ်။ ထို့ကြောင့် ထိုခေတ်ဒီမိုကရေစီသည် ဆိုရှယ်လစ် ကွန်မြူနစ်တို့၏ ဒီမိုကရေစီသာဖြစ်ပါတယ်။

သို့ရာတွင် နယ်ချဲ့အရင်းရှင်လက်အောက်မှ ကျန်ရစ်ခဲ့သော ပုဂ္ဂလိကလုပ်ငန်းများလည်း သန်စွမ်းလျက်ရှိခဲ့ပါတယ်။

**မိဘပြည်သူများရှင့်**

ဆိုရှယ်လစ်ကွန်မြူနစ် စီးပွားရေးမူဝါဒများသည် နိုင်ငံတော်မှ ဦးဆောင်သော နိုင်ငံပိုင်လုပ်ငန်းများအဖြစ် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများကို လုပ်ကိုင်ကြရပါတယ်။ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများကို ခွင့်ပြုပေးခြင်းမရှိပါ။ ၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော် အစိုးရမှ ပုဂ္ဂလိကလုပ်ငန်းများကို တစ်စ တစ်စ တိုးချဲ့ခွင့်ပြုပေးခဲ့ပါတယ်။

၁၉၈၈ ခုနှစ်နောက်ပိုင်းမှ မွေးဖွားကြီးပြင်းလာသော လူငယ်များသည် ပုဂ္ဂလိကလုပ်ငန်းများ တစ်စတစ်စ တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်ကို စနစ်ပြောင်းသည်ဟု ရှုမြင်နိုင်မည်မဟုတ်ပါ။ အကြောင်းမှာ စနစ်ဟောင်းကို မသိမြင်ခဲ့ကြ၍ ဖြစ်ပါတယ်။

၂၀၁၀ ခုနှစ်တွင် တပ်မတော်အစိုးရမှ ဒီမိုကရေစီစာမျက်နှာသစ်ကို ဖွင့်လှစ်ပေးခဲ့ပြန်ပါတယ်။ ထိုအချိန်တွင် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် အစိုးရဖြစ်ပေါ်လာပြီး ပုဂ္ဂလိကလုပ်ငန်းများကို ပိုမိုတိုးချဲ့ဖွင့်လှစ်ပေးခဲ့သဖြင့် တောင်သူလယ်သမားများ မြေယာကို လက်ကိုင်ထားခွင့် ပုံစံ (၇) စနစ်ရရှိလာခြင်း၊ ပုဂ္ဂလိကစက်သုံးဆီဆိုင်များ ဖွင့်လှစ်နိုင်ခြင်း၊ ပုဂ္ဂလိကလေကြောင်းလိုင်းများ၊ မော်တော်ကားလိုင်းများ စည်ပင်ထွန်းကားလာခြင်း၊ ပုဂ္ဂလိကဘဏ်များ စည်ပင်ထွန်းကားလာခြင်း၊ ပုဂ္ဂလိကဆေးရုံများ၊ ပုဂ္ဂလိကကျောင်းများ စည်ပင်ထွန်းကားလာခြင်း၊ ပုဂ္ဂလိကတယ်လီဖုန်းကုမ္ပဏီများ ထူထောင်ဖွင့်လှစ်စည်ပင်လာခြင်းတို့ကို ကြုံတွေ့ခံစားခဲ့ပြီးဖြစ်ပါတယ်။

**မိဘပြည်သူများရှင့်**

ကျွန်မတို့နိုင်ငံ၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ယနေ့ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရန် ပုဂ္ဂလိကဈေးကွက်စီးပွားရေးသည်သာ သင့်လျော်လျောက်ပတ်သည်ကို ကမ္ဘာကြီးက သက်သေပြပြီးလည်း ဖြစ်ပါတယ်။

**မိဘပြည်သူများရှင့်**

အခြားအရင်းရှင်နိုင်ငံကြီးတစ်ခုတွင် ပုဂ္ဂလိကလုပ်ငန်းရှင်ကြီး တစ်ဦးက စတားလင့်ဂြိုဟ်တုများကို ၎င်း၏ ကိုယ်ပိုင်စီးပွားရေးဖြင့် လွှင့်တင်လည်ပတ်နေသည်ကို မိဘပြည်သူများသိရှိပြီး ဖြစ်ပါလိမ့်မည်။ ဤလက်တွေ့ဥပမာသည် ပုဂ္ဂလိကလုပ်ငန်း အားကောင်း သန်စွမ်းလျှင် အလုပ်အကိုင်အခွင့်အလမ်းပေါင်းများစွာကို ဖန်တီးနိုင်ပြီး မိဘပြည်သူတစ်ရပ်လုံး လုပ်ခလစာ အလုပ်အကိုင်များ ရရှိမည်မှာ မလွဲဟု ယုံကြည်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံစီးပွားဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိကလုပ်ငန်းများ ပိုမိုတိုးချဲ့ခွင့် ပြုပေးနိုင်ပါရန် ကျွန်မတို့၏ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီအနေဖြင့် အစဉ်တစိုက် တိုက်တွန်းနှိုးဆော်သွားမှာ ဖြစ်ပါတယ်။

**မိဘပြည်သူများရှင့်**

ကျွန်မတို့၏ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီဟာ မျက်မှောက်ကာလ ဖြစ်ပေါ်နေသော လက်နက်ကိုင် ပစ်ခတ်တိုက်ခိုက်မှုများအား ရပ်စဲလျက် ငြိမ်းချမ်းသော နိုင်ငံရေးလမ်းစဉ်အောက်တွင် မိမိတို့၏ ဒေသခံတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးအတွက် သော်လည်းကောင်း၊ အေးချမ်းသာယာရေး အတွက် သော်လည်းကောင်း လုပ်ဆောင်ကြရန်သာ ဆန္ဒရှိသည့်အလျောက် တည်ဆဲအစိုးရနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**မိဘပြည်သူများရှင့်**

မြန်မာနိုင်ငံ အရပ်ရပ်မှာရှိတဲ့ ပြည်သူများအနေဖြင့် လက်နက်ကိုင် ပဋိပက္ခများ၏ ဆိုးကျိုးကို ရင်စည်းခံစားနေကြရပါသည်။ သို့ဖြစ်ပါ၍ လက်နက်ကိုင်ဆောင် ပဋိပက္ခဖြစ်ပွားမည့်အစား မိမိတို့၏ လိုလားချက်များကို စကားလုံးများဖြင့် ပြောဆိုဆွေးနွေးကြသော နိုင်ငံရေးဇရိယာ၌သာ လုပ်ဆောင်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါတယ်ရှင်။

**လေးစားအပ်ပါသော မိဘပြည်သူများရှင့်**

ကျွန်မတို့၏ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီဟာ မတူကွဲပြားခွင့်များကို လေးစားတန်ဖိုးထားသည်နှင့်အညီ လူမျိုးရေးအရ သော်လည်းကောင်း၊ ဘာသာရေးအရသော်လည်းကောင်း၊ မတူကွဲပြားခွင့် နှုန်းစံများကို ထိန်းသိမ်းသွားမှာ ဖြစ်ပါတယ်။ မတူကွဲပြားခွင့် မပေးသော ဘာသာရေး၊ လူမျိုးရေး အကြောင်းခြင်းရာများကို သဘောတရားရေးရာအရ ဆန့်ကျင်ရှုတ်ချသွားမည်ဖြစ်ပါတယ်။

**မိဘပြည်သူများရှင်**

ကျွန်မတို့၏ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီဟာ ရာထူးအာဏာအတွက် အဓိကမထားဘဲ အထက်ဖော်ပြပါအကြောင်းခြင်းရာများကို မိဘပြည်သူများ နားလည်သဘောပေါက်သိရှိပြီး ဆုံးဖြတ်ချက်ချနိုင်ရန် အစဉ်တစိုက် ပြောဆိုရေးသား တင်ပြနေမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်ရှင်။

ကျွန်မတို့မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ၏ မူဝါဒသည် "လူသားဆန်သော ဒီမိုကရက်တစ် နိုင်ငံသားဝါဒ" ဖြစ်သည်နှင့်အညီ မည်သည့်လူသားဆန်သည့် အယူဝါဒကိုမဆို ရေးရှုကာကွယ်သွားမည်ဖြစ်ပြီး လူသားအချင်းချင်း ရန်ပြုစော်ကားရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေမှုများကို အမျိုးသားရေးရှုထောင့်မှ ကာကွယ်တားဆီးသွားမှာ ဖြစ်ပါတယ်။

**လေးစားအပ်ပါသော မိဘပြည်သူများရှင်**

၂၀၂၅ ခုနှစ် ရွေးကောက်ပွဲကြီးဟာ နီးကပ်လာပြီဖြစ်ပါတယ်။ အများပြည်သူများအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာဖို့အတွက် အမျိုးသားအကျိုးစီးပွားကို ရှေးရှုဆောင်ရွက်သော နိုင်ငံရေးအင်အားစုများ လွှတ်တော်အတွင်း နေရာရရှိဖို့ မိမိတို့ကြိုက်နှစ်သက်ရာနိုင်ငံရေးပါတီများမှ လူပုဂ္ဂိုလ်တို့ကို ရွေးချယ်တင်မြှောက်ပေးကြဖို့ တိုက်တွန်းလိုပါတယ်။ ကျွန်မတို့ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီရဲ့ အမှတ်အသားကတော့ အင်တာနက်မှ ပျံ့နှံ့နေသည့် ပုံသဏ္ဍာန်ဖြစ်ပြီး အနီ၊ အဝါ၊ အစိမ်း၊ အပြာ ရောင်စဉ်များ ဖြာထွက်နေတဲ့ သင်္ကေတ ဖြစ်ပါတယ်။ အဓိပ္ပာယ်က ခေတ်မီ ဆက်သွယ်ရေး ကိရိယာများနှင့် မိမိတို့၏ နိုင်ငံရေးစာပေများ၊ မိမိတို့ လုပ်ဆောင်ချက်များကို ပျံ့နှံ့စေရမည်ဟူသော ရည်ရွယ်ချက်ကို ညွှန်းဆိုပြသတာပဲ ဖြစ်ပါတယ်။

**လေးစားအပ်ပါသော မိဘပြည်သူများရှင်**

နိုင်ငံတော်၏ ပကတိအခြေအနေမှာ ရွေးကောက်ပွဲဟာ အင်မတန်မှ အရေးကြီးပါတယ်။ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲ ကျင်းပပြီး ဥပဒေနှင့်အညီ လွှတ်တော်ဖော်ဆောင်နိုင်မှသာ ရွေးကောက်ပွဲအလွန်မှာ ကျွန်မတို့နိုင်ငံကို နိုင်ငံတကာရဲ့ စီးပွားရေး ပိတ်ဆို့မှုများနှင့် နိုင်ငံရေး အနိုင်အထက်ပြုမှုများ ကင်းရှင်းသွားမှာ ဖြစ်ပြီး နိုင်ငံတော်ဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီး ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကလည်း လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ဖို့အတွက် အစွမ်းကုန်ကြိုးစားထားပေးထားပါတယ်။ မိမိတို့ကို ဦးဆောင်မယ့်အစိုးရတစ်ရပ်ကို မိမိတို့ကရွေးချယ်ရတာဖြစ်တဲ့အတွက် အမျိုးသား အကျိုးစီးပွားကို ဦးထိပ်ထားဆောင်ရွက်တဲ့ ပါတီ လူပုဂ္ဂိုလ်ကို ရွေးချယ်ပေးကြဖို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူ ၃၆၄ ဦးအား နယ်မြေခံတပ်မတော်ဆေးရုံ၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။







ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၇၆ ဦး၊ ခွဲစိတ်ရောဂါ ၃၃ ဦး၊ သားဖွား မီးယပ်ရောဂါ ၁၀ ဦး၊ ကလေးရောဂါ ၁၅ ဦး၊ အရိုးရောဂါ ၆၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၆ ဦး၊ မျက်စိရောဂါ ၁၂၃ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၆ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် မျက်စိခွဲစိတ်လူနာ ၁၀ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၂၄ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၀ ၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၁ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဒေသခံပြည်သူများ၏ ဆေးဝါးကုသမှု ခံယူနေမှုများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး ဆေးကုသမှုခံယူကြသည့် ဒေသခံပြည်သူများ အဆင်ပြေစေရန်အတွက် မော်တော်ယာဉ်များဖြင့် အကြို/အပို့ ဆောင်ရွက်ပေးသည့် အပြင် နံနက်စာ ကျွေးမွေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိခဲ့ရပါသည် -

၁။ ကျွန်မခါးနာနေလို့လာပြတာပါ။ ပထမတော့ နည်းနည်းနာတာပေါ့။ အလုပ်လုပ်နေတဲ့အခါကျတော့ ခါးကကြာလာရင် တအားနာလာတယ်။ အခု နယ်လှည့်ဆေးကု သံလွင်သင်္ဘောကြီး ရောက်နေတယ်ဆိုတာ သိရတယ်။ ဆေးဗိုလ်ကြီးတွေ၊ ပါရဂူကြီးတွေလည်း ပါတယ်ဆိုတော့ ခါးနာတာလာပြတာပါ။ သင်္ဘောကြီးနဲ့ပါလာတဲ့ ပါရဂူကြီးတွေ၊ တပ်ဆေးရုံက ဆရာဝန်တွေပေါ့နော်။ ပြီးလို့ရှိရင် နိုင်ငံတော်အကြီးအကဲတွေ အခုလိုမျိုး စားစရာ သောက်စရာတွေ အပြည့်အစုံနဲ့ ထမင်းဘူးတို့ ရေတို့ကအစ ဘာမှကြည့်စရာ မလိုအောင် လုပ်ပေးတဲ့အတွက် အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်မတို့လိုမျိုး လာပြတဲ့ လူနာတွေအကုန်လုံးကို လိုလေသေးမရှိ အကုန်ပြီးပြည့်စုံအောင် လုပ်ပေးတဲ့အတွက် အားလုံးကျန်းမာ ချမ်းသာပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။

၂။ မျက်လုံး ကြည့်ရတာ အဆင်မပြေလို့လာပြတာ ဖြစ်ပါတယ်။ အရင်တုန်းကဆိုရင် ညီမတို့ ဆေးခန်းသွားပြရင် သွားရေးလာရေး အဆင်မပြေတာတွေ ဖြစ်တယ်။ အခုလိုမျိုး ရေယာဉ်နဲ့လာပြီး ကုပေးတဲ့အတွက် ညီမတို့လည်း အဆင်ပြေတယ်။ လာရောက်ကုသပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။

**သတင်းစဉ်**

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ မအူပင်မြို့နယ် လေးအိမ်စုကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၉**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သော နယ်လှည့် အထူးကုဆေးအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် လေးအိမ်စုကျေးရွာရှိ စတုဘုမ္မိက မဟာသတိပဋ္ဌာန်ကျောင်းတိုက်၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၉၆ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၈၄ ဦး၊ ခွဲစိတ်ရောဂါ ၂၂ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၅၆ ဦး၊ ကလေးရောဂါ ၈၆ ဦး၊ အရိုးရောဂါ ၃၂ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၀၊ မျက်စိရောဂါ ၄၈ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ လေးဦး၊ မျက်စိခွဲစိတ်လူနာ သုံးဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၈ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၈ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ခုနစ်ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အပြင် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)ပေါ်၌ မွေးဖွားပေးခဲ့သော ထနီးကျေးရွာနေ အဖ ဦးသက်ပိုင်မှူး၊ အမိ ဒေါ်ဇင်မီမီထက်တို့၏အသက် နှစ်နှစ်အရွယ်ရှိသား မောင်စိုးထက်ရွှေအား တာဝန်ရှိသူများက ဆေးရုံရေယာဉ်ပေါ်တွင် ခေါ်ယူတွေ့ဆုံ၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)က ချီးမြှင့်ပေးအပ်သည့် ကလေးပစ္စည်းများနှင့် အာဟာရပြည့် အစားအစာများကို ပေးအပ်ခဲ့ပြီး လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။







ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိခဲ့ရပါသည် -

၁။ ကျွန်မကတော့ OG လာပြတာပါ။ ဒီမှာက အခမဲ့ဆိုတော့ အကုန်အကျလည်းသက်သာတော့ ဒီကိုလာပြတာပါ။ ထနီးကနေ ဒီကိုလာရတာ လမ်းလျှောက်ပြီး လာရတော့ အဝေးကြီးပဲ။ ပိုက်ဆံမရှိတဲ့သူတွေဆိုရင် လာလို့ရတာပေါ့။ ဒီလေးအိမ်စု စာသင်ကျောင်းနားလေးပေါ့။ အကုန်လုံးကတော့ အဆင်ပြေပါတယ်။ သဘောလည်းကောင်းကြပါတယ်။ ဆရာ ဆရာမတွေ အကုန်လုံးကလည်း ဖော်ဖော်ရွေရွေရှိကြပါတယ်။ အဲဒီလို မကြာခဏလေး လာကုသပေးတော့ ကျွန်မတို့လို မရှိတဲ့သူတွေကျတော့ အများကြီး အဆင်ပြေပါတယ်။ ဒီလေးအိမ်စုကို လာကုပေးတဲ့ ဆရာ ဆရာမတွေ အကုန်လုံးကို ကျေးဇူးတင်ပါတယ်။ အခုလို ဆေးကုသပေးဖို့ စေလွှတ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိသူတွေအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်လို့ ကျွန်မက ပြောချင်ပါတယ်။

၂။ နယ်လှည့်ဆေးကုသရေး အဖွဲ့နဲ့ လာမွေးတဲ့အခါကျတော့ အစစအရာရာ အဆင်ပြေတယ်။ သွားရေးလာရေးရော ငွေကြေးပိုင်းကအစ အကုန်လုံးထောက်ပံ့ပေးတယ်။ မွေးတုန်းကဆိုရင် ထောက်ပံ့ငွေက တစ်သိန်း၊ ကလေးအနီးက နှစ်ပါကင်၊ ကြက်ဥက တစ်ကတ်၊ အိုဗာတင်းက တစ်ဘူး၊ လက်ဖက်ရည်ပါကင်ထုပ်တစ်ထုပ် ထောက်ပံ့ပေးပါတယ်။ ခွဲစိတ်ခတွေလည်း မပေးရဘူး။ အကုန်လုံးက FOC လုပ်ပေးတာပါ။ နယ်လှည့်ဆေးကုသရေးအဖွဲ့ တစ်နှစ်တစ်ခါ လာတဲ့အခါကျတော့ ညီမတို့ ဒီနယ်က လူတွေအတွက်ကတော့ ပိုအဆင်ပြေတာပေါ့။ ရွာဘက်မှာ နေတာကြာတော့ ဆေးတကယ့်တကယ် ကုသလို့ရှိရင် မြို့ပေါ်ကိုသွားနေရတယ်။ မြို့ပေါ်သွားရတော့ လမ်းစရိတ်တွေ၊ အချိန်တွေကအစ အများကြီးပေးရပါတယ်။ ငွေရေးကြေးရေးကအစ အများကြီးကွာတယ်။ ဒီမှာကျတော့ ဆေးလာကုသပေးတဲ့ အခါကျတော့ ပိုက်ဆံလည်း မပေးရဘူး။ ဆရာကြီးတွေနဲ့ တွေ့ပြီးတော့ တိုက်ရိုက်စမ်းသပ်ရတဲ့ အခါကျတော့ ပိုအဆင်ပြေပါတယ်။ ဆေးရုံမှာ သီးသန့်သွားမွေးရမယ်ဆိုရင်တော့ ဒီတိုင်းအခက်အခဲလေးတော့ ရှိတာပေါ့။ ဒါပေမယ့် ဒီမှာပဲ လာမွေးလိုက်တော့ ဒီကဗိုလ်ကြီးတွေရော အကုန်လုံးက အစစအရာရာ အဆင်ပြေအောင်လုပ်ပေးပါတယ်။ အပြင်မှာ ဒီအတိုင်းမွေးမယ်ဆိုရင် ပိုက်ဆံကုန်မယ်။ ဒီမှာကျတော့ ကလေးထောက်ပံ့ကြေးပါ ပြန်ရတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်အကြီးအကဲတွေရော၊ ဒီကဗိုလ်ကြီးတွေရော အကုန်လုံးကို ကျေးဇူးတင်ပါတယ်။

**သတင်းစဉ်**

## ဥတ္တရသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၉**
ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်သည် တာဝန်ရှိသူများနှင့်အတူ ဥတ္တရသီရိမြို့နယ် ဘုရားတောင် ကျေးရွာအုပ်စု ဘုရားတောင်ကျေးရွာသို့ သွားရောက်၍ ဘုရားတောင်ရွာမကြီးမှ ဘုရားတောင်ရွာသစ်သို့ သွားသော လမ်းဖောက်လုပ်ပေးနိုင်ရေးနှင့် ထိုလမ်းပေါ်တွင် ပေ ၂၀ တံတား တည်ဆောက်ပေးနိုင်ရေးကို လည်းကောင်း၊ ပိုတက်ကျေးရွာနှင့် သရက်တောကျေးရွာချင်း ဆက်လမ်း ၃ ဒသမ ၅ မိုင်အား အဆင့်မြှင့်တင်နိုင်ရေးနှင့် သရက်တောကျေးရွာမှ ပိုတက်ကျေးရွာလမ်း လေးပေအကျယ်



အမာခံလမ်းပခုံး ဆောင်ရွက်နေမှုကိုလည်းကောင်း ကွင်းဆင်း စစ်ဆေးပြီး လုပ်ငန်းများ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

## ဂန့်ဂေါမြို့တွင် ၂၀၂၅ ခုနှစ် ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့မှူးဖလား အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ဂန့်ဂေါ နိုဝင်ဘာ ၁၉**
၂၀၂၅ ခုနှစ် ဂန့်ဂေါခရိုင် ရဲတပ်ဖွဲ့မှူးဖလား အမျိုးသမီးဖူဆယ်



ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို နိုဝင်ဘာ ၁၆ ရက်က ခရိုင်ပြည်သူ့အားကစားကွင်းကြီးတွင် ကျင်းပရာ ဂန့်ဂေါခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲရန်ပိုင်နှင့်အဖွဲ့ဝင်များ၊ ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဆွေဦးနှင့် ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများနှင့် အားကစားဝါသနာရှင်များ တက်ရောက်၍ ကြည့်ရှုအားပေးခဲ့ကြသည်။

ဦးစွာ အဖွင့်ပွဲစဉ်အဖြစ် အုပ်စု(A)မှ ပြည်ချစ်မေဘောလုံးအသင်းနှင့် အုပ်စု(B)မှ သစ္စာအားမာန်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သစ္စာအားမာန်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

**မောင်မျိုးမင်း**

## ကျိုက်ထိုမြို့နယ်၌ အသင်းအမှုဆောင်နှင့် အသင်းဝန်ထမ်းများ သမဝါယမမွမ်းမံသင်တန်းဖွင့်

**ကျိုက်ထို နိုဝင်ဘာ ၁၉**
မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အသင်းအမှုဆောင်နှင့် အသင်းဝန်ထမ်းများ သမဝါယမမွမ်းမံသင်တန်းကို နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာနတွင် ကျင်းပသည်။

ဦးစွာ မြို့နယ်သမဝါယမ ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးမိုးက အမှာစကားနှင့် သင်တန်းပြုလုပ်ရသည့် ရည်ရွယ်ချက်များကို ပြောကြားပြီး မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးမောင်မောင်လွင်က သင်တန်းနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

အဆိုပါသင်တန်းတွင် သမဝါယမ သဘောတရားရေးရာဘာသာရပ်၊ သမဝါယမအသင်း ဥပဒေနှင့် နည်းဥပဒေဘာသာရပ်၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သည့် လုပ်ငန်းများ၊ သမဝါယမစာရင်းရေး/ စာရင်းကိုင်ဘာသာရပ် စသည့် ဘာသာရပ်များကို သင်တန်းနည်းပြ ခြောက်ဦးတို့က သင်တန်းသား သင်တန်းသူ ၃၀ တို့အား ငါးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**



## အီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေး

**သနပ်ပင် နိုဝင်ဘာ ၁၉**
သနပ်ပင်မြို့နယ်၌ ဘုရားကြီးပိုင်းရပ်ကွက်အတွင်းရှိ မဲဆန္ဒရှင်



များအား မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ဦးဆောင်၍ အီလက်ထရောနစ်မဲပေးစက်နှင့် ပတ်သက်၍ သိရှိစေရန် အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပသည်။

### လက်တွေ့ဆောင်ရွက်

ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဦးစီးအရာရှိ ဒေါ်စုသန္တာက မဲဆန္ဒရှင်များအား အီလက်ထရောနစ်မဲပေးစက်အသုံးပြုပုံနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ပြည်သူတစ်ဦးချင်းအလိုက် လက်တွေ့စမ်းသပ်မဲပေးကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## ငလျင်ဘေးအန္တရာယ် သရုပ်ပြပွဲပြုလုပ်

**မိုင်းဆတ် နိုဝင်ဘာ ၁၉**
မိုင်းဆတ်မြို့၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ငလျင်ဘေးသရုပ်ပြပွဲကို နိုဝင်ဘာ ၁၇ ရက်က အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အလက(၂) ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအားလွန်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးရဲလင်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာရွှေနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများက သဘာဝဘေးအန္တရာယ်




ဆိုင်ရာ ငလျင်ဘေးအန္တရာယ် ဖြစ်ပွားလာပါက လေ့ကျင့်သရုပ်ပြမှုကို ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဝေဒနာရင့် မိုးတိမ်စာအုပ်ဖြန့်ချီ

**နေပြည်တော် နိုဝင်ဘာ ၁၉**
ကြယ်စင်ဖေသင်၏ နှလုံးသားကို ဖျတ်ခနဲ ပွတ်တိုက်သွားသော ခံစားမှုအက်ဆေးများဖြင့် ရေးသားစုစည်းထားသည့် ဝေဒနာရင့် မိုးတိမ်စာအုပ် ထွက်ရှိလာသည်။




အဆိုပါ စာအုပ်တွင် ကျွန်တော်နှစ်သက်သော စကားလုံးလေးများနှင့် ကျွန်တော်သိသော အက်ဆေး၊ ရင်ဖွင့်စကားကို အက်ဆေးခေါင်းစဉ်များခွဲ၍ ဖတ်ချင်စဖွယ်ဖြစ်အောင် ခံစားရေးဖွဲ့ထားသည်။ အရှုံးတစ်ယောက်၏ကောင်းကင်၊ ပန်းပွင့်မမြင်ခဲ့ အရှင်သခင်၊ ညတစ်ည၏ သံဝေဂ နှလုံးသား၊ ဒီဇင်ဘာကြေကွဲမှုရှင်းတမ်း၊ ရွာပတ်နေတဲ့တစ္ဆေ၊ ပြန်ချိန်နီးသော နှလုံးသား၏ သံဝေဂဂီတ၊ သံသယဆောင်း၊ ဒီဇင်ဘာ အလွမ်းဖြိုချိန်နှင့် ဝေဒနာရင့်မိုးတိမ် စသည့် နှလုံးသားကို ဖျတ်ခနဲပွတ်တိုက်သွားသော ခံစားမှုအက်ဆေးများဖြင့် ရသမြောက်စွာ ရေးဖွဲ့ထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

ယင်းစာအုပ်ကို လွင်သစ္စာစာပေ အမှတ်(၂၄၁) အောင်တံခွန်လမ်း (၂၉) ရပ်ကွက် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၉ ၄၅၆၈၈၁၃၅၅၊ ၀၉ ၇၉၀၁၄၃၅၇၀၊ ၀၉ ၄၂၉၂၇၂၄၄၄ တို့မှ တန်ဖိုးငွေကျပ် ၈၅၀၀ ဖြင့် ဖြန့်ချီထားသည်။

**မြန်မာ့အလင်း**



## မှော်ဘီမြို့နယ်အတွင်းရှိ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မှော်ဘီ နိုဝင်ဘာ ၁၉**
ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျေးလက်ဦးစီးဌာနနှင့် ကုမ္ပဏီများမှ အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို တာဝန်ရှိသူများ ယမန်နေ့က ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကြည့်ရှုစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) မှ အင်ဂျင်နီယာချုပ် (တည်ဆောက်ရေး)ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ ဦးဇော်မိုးဦးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် လုပ်ငန်းများကို အရေအသွေးပြည့်မီစေရေး၊ အချိန်မီ ပြီးစီးနိုင်ရေး၊ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်ကျေးရွာရှိ ကျော်ဇံစက်သုံးဆီအရောင်းဆိုင်၌ နိုဝင်ဘာ ၁၇ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေးစဉ်။ ခန့်ဝင်း(ဆင်ပေါင်ဝဲ)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၂) ရန်ကုန်
## ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများအတွက်ထပ်မံလျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၆-ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၂)ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူနိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**ဆေးပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | | သင်တန်းကာလ |
|---|---|---|---|
| (၁) | ဆေးပညာမဟာသိပ္ပံ (ခန္ဓာဗေဒ) | M.Med.Sc (Anatomy) | ၂ နှစ် |
| (၂) | ဆေးပညာမဟာသိပ္ပံ (ဇီဝကမ္မဗေဒ) | M.Med.Sc (Physiology) | ၂ နှစ် |
| (၃) | ဆေးပညာမဟာသိပ္ပံ (ဆေးလက်တွေ့ ဆိုင်ရာ ဇီဝဓာတုဗေဒ) | M.Med.Sc (Clinical Biochemistry) | ၃ နှစ် |
| (၄) | ဆေးပညာမဟာသိပ္ပံ(ဆေးဝါးဗေဒ) | M.Med.Sc (Pharmacology) | ၂ နှစ် |
| (၅) | ဆေးပညာမဟာသိပ္ပံ (အဏုဇီဝဗေဒ) | M.Med.Sc (Microbiology) | ၃ နှစ် |
| (၆) | ဆေးပညာမဟာသိပ္ပံ (ဥပဒေရေးရာဆေးပညာ) | M.Med.Sc (Medical Jurisprudence) | ၃ နှစ် |
| (၇) | ဆေးပညာမဟာသိပ္ပံ (အရေးပေါ်ကုသမှုဆေးပညာ) | M.Med.Sc (Emergency Medicine) | ၃ နှစ် |
| (၈) | ဆေးပညာမဟာသိပ္ပံ (နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ) | M.Med.Sc (Cardiovascular Surgery) | ၄ နှစ် |

**လိုအပ်သောအရည်အချင်း**

၂။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) M.B.,B.Sဘွဲ့ (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသောအလားတူဘွဲ့ ရရှိပြီးသူဖြစ်ရမည်။
(ဂ) လျှောက် လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၁)နှစ်ပြည့်ပြီးသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
မှတ်ချက်။ ။ ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဆေးလက်တွေ့ဆိုင်ရာဇီဝဓာတုဗေဒ၊ ဆေးဝါးဗေဒ၊ အဏုဇီဝဗေဒနှင့် ဥပဒေရေးရာဆေးပညာဘာသာရပ်များအတွက် လုပ်သက် သတ်မှတ်ချက်မရှိပါ။
(ဃ) လျှောက်လွှာပိတ်သည့်ရက်တွင် မဟာသိပ္ပံသင်တန်းများအတွက် အသက် (၄၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(င) ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ (၃-၁၂-၂၀၂၅)ရက် (ဗုဒ္ဓဟူးနေ့)ဖြစ်ပါသည်။

၄။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ်ကျွမ်းကျင်မှု အရည်အချင်းစစ်စာမေးပွဲ (၂)နာရီမေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ် စာမေးပွဲအောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်းလျှောက်ထားခြင်းမရှိသည့်လျှောက်လွှာများကို လုံးဝ ထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလန်မူရင်းနှင့်တကွ ဆေးတက္ကသိုလ်(၂)ရန်ကုန် ပါမောက္ခချုပ်ထံသို့ လိပ်မူ၍ မပျက်မကွက်ပေးပို့ရမည်။

၇။ ဝင်ခွင့်ရေးဖြေစာမေးပွဲများစစ်ဆေးမည့်ရက်မှာ (၁၀-၁၂-၂၀၂၅)ရက် (ဗုဒ္ဓဟူးနေ့) ဖြစ်ပါသည်။

၈။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့် စာမေးပွဲကြေး ကျပ် ၁၀၀၀/- (ကျပ်တစ်ထောင်)တိတိကို ဆေးတက္ကသိုလ်(၂) ရန်ကုန် မြန်မာ့စီးပွားရေးဘဏ် မြောက်ဥက္ကလာပဘဏ်ခွဲ၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ်MD-၀၁၀၂၃၃ သို့ ပေးသွင်းရမည်၊
(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ မြောက်ဥက္ကလာပဘဏ်ခွဲ၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ဆေးတက္ကသိုလ်(၂) ရန်ကုန်၏ ငွေစာရင်းအမှတ် MD – ၀၁၀၂၃၃ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်)

၉။ သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပြီးမှ တက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ် ပြည်တွင်း/ပြည်ပဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၀။ တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကိုမတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ/ မပြုသည်ဖြစ်စေ)၊ သင်တန်းကိုပြီးဆုံးအောင်မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်း အောင်မြင်ပြီးနောက် သတ်မှတ်ထားသည့် ကာလအတိုင်းနိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၁၁။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၂)ရန်ကုန် ဖုန်းနံပါတ်- (၀၉-၆၈၇၀၀၇၇၂၇၊ ၀၉-၆၈၇၆၀၈၆၈၂)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) ဆေးတက္ကသိုလ်(၂)ရန်ကုန်၏Website: https://www.um2ygn.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ်(၂)ရန်ကုန်**

---

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ ခနသိဒ္ဓိ(၂)လမ်း၊မြေကွက်အမှတ်(၂၅၆/က)၊အကျယ်အဝန်း(၁၂၃၀-စတုရန်းပေ)(၀.၀၂၈)ဧကရှိ ဒေါ်မြင့်ကြည်(၁၂/မဂဒ(နိုင်)၀၁၉၈၄၈)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူဦးနေလင်းအောင်(၅/ကဘလ(နိုင်)၁၇၈၅၁၃)ထံမှကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက် လိုပါကကျွန်ုပ်ထံသို့တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှ စ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)
Ph,09421746974

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၂)ရန်ကုန်
### ၂၀၂၆ ပညာသင်နှစ်
### Certificate Training Programme for Cardiovascular Perfusion သင်တန်းအတွက် ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၆-ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၂)ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ သင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| ၁။ | Certificate Training Programme for Cardiovascular Perfusion | ၁ နှစ် |

၂။ **လိုအပ်သောအရည်အချင်း**
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရပါမည်။
(ခ) ဆေးပညာမဟာသိပ္ပံ(မေ့ဆေးပညာ)ဘွဲ့ ရရှိထားသူဖြစ်ရမည်။
(ဂ) လျှောက်ထားသူသည် အခြားဆေးပညာဘွဲ့လွန်သင်တန်း တစ်ခုခု တက်ရောက်နေခြင်းမရှိသူဖြစ်ရမည်။
(ဃ) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(င) သင်တန်းပြီးဆုံးပြီးနောက် အနည်းဆုံး(၂)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)မှ တစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး၏ ထောက်ခံချက် ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝစဉ်းစားခြင်းမပြုပါ။

၄။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလန်မူရင်းနှင့်တကွ ဆေးတက္ကသိုလ်(၂) ရန်ကုန် ပါမောက္ခချုပ်ထံ လိပ်မူ၍ မပျက်မကွက် ပေးပို့ရမည်။

၅။ လျှောက်လွှာများကို ဆေးတက္ကသိုလ်(၂)ရန်ကုန်သို့ (၃-၁၂-၂၀၂၅) ရက် (ဗုဒ္ဓဟူးနေ့)နောက်ဆုံးထား၍ ပေးပို့ရမည်။ မပြည့်စုံသည့် လျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၂)ရန်ကုန် ဖုန်းနံပါတ်-(၀၉-၆၈၇၀၀၇၇၂၇၊ ၀၉-၆၈၇၆၀၈၆၈၂)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) ဆေးတက္ကသိုလ်(၂) ရန်ကုန်၏ Website: https://www.um2ygn.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ် (၂) ရန်ကုန်**

---

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၃၄)၊ မြေကွက်အမှတ်(၅၅၀)ရှိ ဒေါ်တောသူ(၁၂/အစန(နိုင်)၁၂၈၄၁၇) အမည်ပေါက် မြေချပါမစ်မူရင်း၊ ဧရိယာအကျယ်အဝန်း (၄၀ပေ X ၆၀ပေ) ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်စာတမ်းများနှင့် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဌေးအောင်(၁၂/ကမတ(နိုင်)၀၁၄၉၉၉)ထံမှ ကျွန်ုပ်မိတ်ဆွေ ဖြစ်သူ ဒေါ်စန်းစန်းအောင် (၁၂/သဃက(နိုင်)၀၁၅၆၄၇)မှ အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေများကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုရည်လှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၄၅)**
**အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း(၃၉/A)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅**

---

### ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်နှင့် အမည်(RA III/ ကွက်ပြင်-၃)၊ ဦးပိုင်အမှတ်(၁၃၈-င) မြေဧရိယာ ၀ ဒသမ ၀၉၂ ဧကရှိ မြေအကျိုးခံစားခွင့်များကို ဦးအောင်ပြည့်စုံ ၅/တမန(နိုင်)၀၆၆၈၆၈ က ဂရန်အမည်ပြောင်းပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

## ကျန်းမာရေးဝန်ကြီးဌာန
## ရှမ်းပြည်နယ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၅-၂၀၂၆)ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် ရှမ်းပြည်နယ်(တောင်ပိုင်း၊ မြောက်ပိုင်း၊အရှေ့ပိုင်း)၊ ပြည်နယ်ကုသရေးဦးစီးဌာနလက်အောက်ရှိ မြို့နယ်အဆင့်(၂၅)ခုတင် နှင့် (၅၀)ခုတင်အဆင့် ဆေးရုံများအတွက် ကျပ်သန်း(၃၀.၀၀၀)စီနှင့် ခုတင်(၁၀၀)နှင့် ခုတင်(၂၀၀) အဆင့် ဆေးရုံများအတွက် ကျပ်သန်း(၅၀.၀၀၀)စီ ဆေးရုံဥပဓိရုပ်ကောင်းမွန်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို သက်ဆိုင်ရာဌာနနှင့် ဆေးရုံကြီးများတွင် (၂၁-၁၁-၂၀၂၅) ရက်နေ့မှ စတင်ရောင်းချမည်ဖြစ်ပြီး (၃၀-၁၁-၂၀၂၅) ရက်နေ့ ညနေ(၄)နာရီ နောက်ဆုံးထား၍ တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အသေးစိတ်သိလိုပါက ရှမ်းပြည်နယ်ကုသရေးဦးစီးဌာန (တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံ) ဖုန်း (၀၈၁-၂၁၂၁၆၉)၊ (၀၈၁-၂၂၀၄၁၂၁)၊ (၀၈၄-၂၁၀၇၀)၊ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး ဖုန်း (၀၉-၂၅၇၆၅၉၉၉၁)နှင့် သက်ဆိုင်ရာ ဆေးရုံများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမားဝန်ကြီးဌာန
## တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အတွင်း ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့်ဆောင်ရွက်မည့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| (က) | လှိုင်သာယာမြို့နယ်၊ လူမှုဖူလုံရေးအဖွဲ့ပိုင် မြေကွက် (၂) ကွက်တွင် ခြံစည်းရိုးကာရံခြင်း (RC တိုင်၊ RC Beam ၂ ထပ်၊ မြေပေါ်အမြင့် ၁၀ ပေ၊ ၄ ပေ အမြင့် မြေဖို့ခြင်း အပါအဝင်) လုပ်ငန်း | (၁) မျိုး |

၂။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း နေပြည်တော်၊ လူမှုဖူလုံရေးအဖွဲ့ ရုံးချုပ်၊ စီမံခန့်ခွဲရေးဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁-၁၂-၂၀၂၅ ရက်မှ ၅-၁၂-၂၀၂၅ ရက်အထိ (ရုံးချိန်အတွင်း) ၁၀:၀၀နာရီမှ ၁၆:၀၀ နာရီအထိ

၄။ **တင်ဒါ Specification နှင့် ဈေးနှုန်းလွှာတင်သွင်းရမည့်ရက်** - ၈-၁၂-၂၀၂၅ရက်မှ ၉-၁၂-၂၀၂၅ရက်ထိ (ရုံးချိန်အတွင်း) ၁၀:၀၀နာရီမှ ၁၆:၀၀ နာရီအထိ

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၇၇၆၁၇၄၁၀၄၊ ၀၉-၆၈၉၃၂၃၁၁၀၊ ၀၉-၇၉၇၈၉၂၀၅၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဝန်ကြီးဌာနတင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အလုပ်သမားဝန်ကြီးဌာန**

---

### သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
### မြန်မာ့သစ်လုပ်ငန်း
### ဒီဇယ်ဆီအိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်းတွင် သုံးစွဲရန်လိုအပ်သော ဒီဇယ်ဆီများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ(Open Tender) ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဝယ်ယူမည့်ဂါလန်အရေအတွက်နှင့် ပေးပို့ရမည့်နေရာအသေးစိတ်အား ရောင်းချမည့်တင်ဒါပုံစံတွင် ဖော်ပြထားပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း(ရုံးခွဲ)၊ ရွှေတိဂုံဘုရားလမ်း၊ အင်ဂျင်နီယာဌာနသို့ ရုံးချိန်အတွင်းစုံစမ်းနိုင်ပါသည်။

တင်ဒါရောင်းချမည့်ရက် - ၁၉.၁၁.၂၀၂၅/ နံနက် ၁၀:၀၀ နာရီ
တင်ဒါပိတ်မည့်ရက် - ၃.၁၂.၂၀၂၅/ နေ့လယ် ၁၅:၀၀ နာရီ
တင်ဒါရောင်းချမည့်နေရာ - အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
အမှတ်၇၄/၇၆၊ ရွှေတိဂုံဘုရားလမ်း ၊ ရန်ကုန်မြို့၊
ဖုန်း ၀၁-၈၂၅၄၁၉၁၊ ၀၉-၅၃၄၁၆၀၅၊ ၀၉-၅၁၁၈၉၂၅

---

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ဝေဇယန္တာလမ်းနှင့် ပါရမီလမ်းထောင့်တွင် တည်ရှိသော INNO City Condominium ရှိ Tower A2, Block.105, Unit Type. A2၊ အခန်းအမှတ် 801, ဧရိယာ(၉၆၁.၆၇)စတုရန်းပေရှိ တိုက်ခန်းနှင့် ကားပါကင်(၁)ခုအပါအဝင် နေထိုင်ခွင့်၊ သုံးစွဲခွင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်သူဇာအောင်(Sales Director) ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်သက်ထွန်း(၁၁/ကပန(နိုင်)၀၀၀၀၇၇) က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်သက်ထွန်း ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုရည်လှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၄၅)**
**အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း(၃၉/A)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅**

---

## စာအုပ်စာပေ လူ့မိတ်ဆွေ

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၂၁ / ၂၀၂၅-၂၀၂၆)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ လုပ်ငန်းများဆောင်ရွက်ရန်အတွက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L-178(25-26)CAP | Major Overhaul for Well Servicing Unit (12) Units (Turnkey Service) (တွင်းပြင်စက်ယန္တရား ၁၂-စီး အကြီးစားပြုပြင်ခြင်း) | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၀-၁၁-၂၀၂၅ ရက်မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန)နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန ဝက်ဆိုဒ် **(energy.gov.mm)** တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၁၁-၁၂-၂၀၂၅ ရက် (၁၃:၀၀)နာရီ**တွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၉-၂၅၄၀၇၈၀၇၈/ ၀၉-၄၄၈၅၃၉၄၀၂**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့နယ်ရှိ အောက်ဖော်ပြပါနေရာများတွင် မြေငှားဂရန် အမည်ပြောင်း/သက်တမ်းတိုး/အသစ်ရရှိရေးအတွက် တရားဝင် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ချုပ်ဆိုထားသည့်စာချုပ်များဖြင့် လျှောက်ထားလာပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်များခွင့်ပြုချထားပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | လျှောက်ထားသူအမည် | မူလအမည်ပေါက်သူ | ရပ်ကွက် | ကွင်းအမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးသော်ထူးနိုင် | ဦးလှဦး | ရွာဘဲ | ၁၃C/ ရွာဘဲအရှေ့ | ၄၄ᵂ | ၀.၀၅၅ | ပြောင်း/ တိုး |
| ၂ | ဦးမျိုးမင်းအောင် | ဦးအုန်းမြင့် | ခေတ္တရာ | ၁၆C/အဆင့်မြင့် အိမ်ရာ | ၄ | ၀.၁၁၀ | ပြောင်း |
| ၃ | ဒေါ်လှမြင့် ဒေါ်အေးအေး၊ ဒေါ်မြတ်သူဇာ | ဒေါ်အိမ္မွန်ကျော် | ပြည်သာယာ | ၁၄/အောင်ဆန်း အပိုင်း(၂) | ၈၆ | ၀.၀၅၅ | ပြောင်း |

**ကော်လီတွော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြည်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၇)၊ မြေကွက်အမှတ် (၁၄၉၇) [ဒေါ်ညိုညိုဝင်း(ISN-၂၃၂၇၃၇) အမည်ပေါက်]၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ မြေချပါမစ် မြေကွက်နှင့် မြေကွက်အမှတ် (၁၄၉၈)[ဦးမင်းဆွေညွန့်(၁၂/လမန(နိုင်) ၀၃၅၉၁၇)အမည်ပေါက်]၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ မြေချပါမစ်မြေကွက်၊ စုစုပေါင်းမြေကွက်(၂)ကွက်အား မြေအမည်ပေါက်များထံမှ အရောင်းအဝယ် စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်စိုးစိုးရီ (၁၂/ရပသ(နိုင်)၀၂၆၉၃၁)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်နီနီဦး (၅/ကဘလ(နိုင်)၁၀၈၅၃၆)က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၄၂၀၆၆)** | **(စဉ်-၁၂၃၆၅)** | **(စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၆)၊ ကျောက်မြတ်ရတနာလမ်း၊ မြေကွက်အမှတ်(၁၀၄၈/က)ဟု ခေါ်တွင်သော မြေအလျားxအနံ(၂၀x၆၀)ပေရှိ မြေချပါမစ်မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်ချစ်ပု (L/RGN-၀၁၃၇၅၇)ထံမှ အရောင်းအဝယ် စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူ ဒေါ်ဥမ္မာဝင်း(၁၂/ဥကတ(နိုင်)၀၅၂၂၀၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူများ ဖြစ်သော ဦးတင်မောင်သန်း (၁၂/တမန(နိုင်)၀၉၄၈၃၃)၊ ဒေါ်တိုးတိုးဦး (၁၂/တမန(နိုင်)၁၀၄၂၄၆)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက် လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9J/4523 ယာဉ်လက်ဝယ်ရှိသူ ဦးတင်မိုး ၉/ပဘန(နိုင်)၁၃၇၆၃၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရမည်းသင်း)**

## စာအုပ်စာပေ လှူမိတ်ဆွေ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၁)ရပ်ကွက်၊ ရေဝဏ်လမ်းမကြီး၊ ရေချမ်းသာအဆင့်မြင့်ကွန်ဒို တိုက်အမှတ် (10/B)၊ (14)ထပ်၊ လူနေအိမ်ခန်းအမှတ် (#234)၊ အကျယ်(1184) စတုရန်းပေ၊ ရေ၊ မီး အပါအဝင် ဖြစ်သော ကွန်ဒိုတိုက်ခန်းသည် ဦးကြည်လင်း ၁၂/ရပသ(နိုင်)၀၁၆၂၄၀ အမည်ပေါက်၏လက်ရှိလက်ရောက် ပိုင်ဆိုင်သည့်ကွန်ဒိုတိုက်ခန်းဖြစ်ပါသည်။ ယင်းကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်သော နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း မြွက်ဟဝန်ခံသူ ဦးကြည်လင်း ၁၂/ရပသ(နိုင်)၀၁၆၂၄၀ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ချိုမြတ်စန္ဒာ ၆/ရဖန(ပြု)၀၀၀၀၁၃ သည် အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေဇင်ဦး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၂၉၅၇)**
**အမှတ်(၃၁၆)၊ ရတနာလမ်း ၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉-၇၆၆၈၈၇၄၄၉**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟလမ်း၊ အမှတ်(၁၄၀၇/A-ခ)၊မြေကွက်ပေါ်တွင် အကျယ်အဝန်း (၁၀၄၀)စတုရန်းပေရှိ (၃-လွှာ)(B-3) မီနီကွန်ဒိုအခန်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟလမ်း၊ အမှတ်(၁၄၀၇/A-ခ)၊ မြေကွက်ပေါ်တွင် အကျယ်အဝန်း(၁၁၄၀) စတုရန်းပေ၊ (၅-လွှာ) (C-5) မီနီကွန်ဒိုအခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အား တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်အေးအေးမြင့် ၁၂/ဥကတ(နိုင်) ၁၄၀၀၇၆မှ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မိမိအောင် ၁၂/သဃက(နိုင်)၀၇၈၈၈၁၉က ဥပဒေနှင့်အညီ တရားဝင်အပြီးအပိုင် ဝယ်ယူထားပြီး ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်မိမိအောင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ရုံးအမှတ်(၅၉၁)၊ ရတနာသီရိလမ်း၊ (ဆ/က)ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၄၉၃၅၈၄၄၊ ၀၉-၉၆၅၅၅၅၉၈၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၉/သူရိယရပ်၊ ဦးပိုင်အမှတ် (၁၁၃)၊ ဧရိယာ(၀.၀၂၂)ဧကရှိ ဒေါ်မယ်ဒရံ (သား) ဦးခင်မောင်သန်း အမည်ပေါက်နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား ဒေါ်မယ်ဒရံ(ကွယ်လွန်)၏ အမွေခံသားသမီးများဖြစ်ကြသူ ဦးခင်မောင်သန်း (ခ)မိုဟာမက်အလီ(ဘ) ဦးအဗ္ဗဒူဂနီ ၉/တကန(နိုင်) ၀၁၀၅၉၁(ပါ) ၅-ဦး (မဂျလီမာ(ခ)မခင်အေး၊ မောင်မေဒင်(ခ)ညီညီ၊ မောင်ခင်မောင်ထွေး(ခ)ယာစင်၊ မောင်ခင်မောင်ဆွေ(ခ)ဟာရှင်)တို့မှ အဆောက်အအုံဆောက်လုပ်ခွင့် တင်ပြရန်အတွက် မြေငှားစာချုပ်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း တရားရုံး ကျမ်းကျိန်လွှာ (၃၇/၂၀.၆.၂၀၂၅)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဘောဂဝတီရပ်ကွက်၊ မြေကွက်အမှတ် (မ-၃၂၄၉)ဟု ခေါ်တွင်သော မြေဧရိယာ အကျယ်အဝန်း ပေ ( ၈၀ x ၆၀ ) ရှိ မြေကွက်နှင့် ယင်းမြေကွက်တွင်းရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အရပ်ကတိစာချုပ်ဖြင့် ယခုပိုင်ဆိုင်ထားသူများဖြစ်သော (၁) ဦးဟန်သာထွန်း ၉/ပမန(နိုင်)၁၆၆၉၈၁၊ (၂) ဒေါ်အေးမြတ်သူ ၅/မရန(နိုင်) ၁၆၂၃၈၃ တို့မှ မိမိတို့သာလျှင် တရားဝင်ပိုင်ဆိုင်ကြောင်း၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံသောကြောင့် ကျွန်ုပ်၏ မိတ်ဆွေ ဦးကျော်ဝေ ၁၂/ဒဂမ(နိုင်)၀၂၇၈၂၁မှ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနောင်နောင်(LL.B)၊ အထက်တန်းရှေ့နေ (စဉ်-၅၃၁၀၁)၊**
**အမှတ်(၄/၁၇၁) ရန်အောင်(၂)ရပ်ကွက်၊ ပျဉ်းမနားမြို့၊ ဖုန်း-၀၉-၄၂၀၇၆၄၁၃၅**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူလမ်း (၂၀)၊ အမှတ်(၉၇၄)နေ (ဘ)ဦးကျော်သက်အောင် ၉/မသန(နိုင်)၁၅၀၇၀၅ ၏ သား မောင်သူရဇော်အား မောင်ဟိန်းမင်းသက်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဟိန်းမင်းသက်အောင်**

## မိခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ ရေလဲကျေးရွာ(အထက-ခွဲ)နေ မောင်ကောင်းမြတ် (G-2)၏ မိခင်အမည်မှန်မှာ ဒေါ်ဖြူဖြူဇော် ၅/ဟမလ(နိုင်)၀၈၇၂၂၃ ဖြစ်ပါကြောင်း။

**ဒေါ်ဖြူဖြူဇော်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (စက်မှုဇုန်-၂)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(သစ္စာလမ်း(၆)၊ ၁၉လမ်း(၅)၊ ဧရိယာ (၀ဒသမ၂၂၀) ဧကရှိ မြေသည် မြို့မြေအမှုတွဲအမှတ် ၁၂၀/၁၉၉၉-၂၀၀၀ အရ ဦးမျိုးတင့်အောင် အမည်ဖြင့် (၂၆-၇-၁၉၉၉)မှ (၂၅-၇-၂၀၂၉)အထိ နှစ်(၃၀) မြေငှားစာချုပ် ရရှိထားသော မြေကွက်အနက်မှ မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(စက်မှုဇုန်-၂)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် (သစ္စာလမ်း(၆))၊ ဧရိယာ(၀ဒသမ၁၁၀)ဧကရှိမြေအား ဦးအောင်ကောင်းမြတ်အမည်ဖြင့် စက်မှုစီးပွား (ခွဲစိတ်အမည်ပြောင်း)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် (၁၃-၁၁-၂၀၂၅)ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက် မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စက်မှုစီးပွား (ခွဲစိတ်အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ မုံရွာတောင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၆၈၃၊ ကူးတို့ကုန်း)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၄၆)၊ ဧရိယာ(၀ဒသမ၇၇)ဧကရှိ မြေသည် မြို့မြေအမှုတွဲအမှတ် ၃၂၀VRP ၂၀၁၉-၂၀၂၀ အရ ဒေါ်ကေသွယ်မြင့် အမည်ဖြင့် (၂၂-၁၂-၂၀၂၀)မှ (၂၁-၁၂-၂၀၅၀)အထိ နှစ်(၃၀)မြေငှားစာချုပ် ရရှိ ထားသော မြေအား ဦးရွှေဘမှ မြေငှားစာချုပ်(အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် (၁၃-၁၁-၂၀၂၅)ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း)ခွင့်ပြုမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးအောင်သန်း၏သား ဦးကျော်ကျော်ထက် ၁၂/သဃက(နိုင်) ၁၆၃၁၇၅၏ ပတ်စ်ပို့နံပါတ် M-939268 မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၀၉၄၃၇

## ပျောက်ဆုံးကြောင်း

(ဘ) ဦးအောင်သန်း၏သား ဦးကျော်ကျော်ထက် ၁၂/သဃက (နိုင်) ၁၆၃၁၇၅၏ CDC နံပါတ်-87147 မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၀၉၄၃၇

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

